# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday, 26 July 2022 ၁၀၈၀၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လူနှင့် သတ္တဝါတို့ အသက်ရှင်ရပ်တည်ရေးအတွက် သစ်တော၊ သစ်ပင်များသည် အရေးပါလျက်ရှိ မိမိတို့နိုင်ငံသားများအနေဖြင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းသည့် အလေ့အထရှိသူများဖြစ်လာမည်ဆိုပါက တစ်နိုင်ငံလုံးသည် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် လူ့အသိုက်အဝန်းတစ်ရပ်အဖြစ် ရပ်တည်လာနိုင်မည်

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**သစ်တော၊ သစ်ပင်များ၏ဖြစ်တည်မှုသည် လူအပါအဝင် သက်ရှိသတ္တဝါအားလုံးတို့ အသက်ရှင်တည်မြဲနိုင်ရေးအတွက် ဂေဟကွင်းဆက်တစ်ခုပင်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နှစ်စဉ်နှစ်တိုင်း သစ်ပင်စိုက်ပွဲတော်များပြုလုပ်လာသည်မှာ ဆယ်စုနှစ်တစ်ခုမကတိုင်ခဲ့ပြီဖြစ်ပြီး သစ်ပင်စိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ နှစ်စဉ် မိုးရာသီရောက်တိုင်း သစ်ပင်စိုက်ပျိုးပွဲတော်များကို ပြုလုပ်ကျင်းပကြကာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးများ၊ အဖွဲ့အစည်းများ အလိုက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။


**ယနေ့** ဖတ်စရာ

**တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်စတင်ကျင့်သုံးမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်** စာမျက်နှာ » ၂

**ဆင်းရဲတွင်းမှ လွတ်ကင်းကြပါစေ** ဆောင်းပါး စာမျက်နှာ » ၆

**ပတ်ဝန်းကျင်တစ်ခွင် အလှဆင်ဖို့ သစ်ပင်စိုက်ကြပါစို့** ဆောင်းပါး စာမျက်နှာ » ၁၀

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၃၆၆၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ** စာမျက်နှာ » ၇

ကြေးမုံ

# ကူးစက်ရောဂါကာကွယ်ရေး ပေါ့ဆမနေဘဲ ဆက်လက်လိုက်နာ

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး အချို့နိုင်ငံများတွင် ရောဂါကူးစက်မှုနှုန်း မြင့်မားလျက်ရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ တက်တက်ကြွကြွ ဆောင်ရွက်ပေးမှု၊ ပြည်သူများက အသိတရားဖြင့် ပါဝင်ဆောင်ရွက်မှုတို့ကြောင့် ရောဂါကူးစက်မှုနှုန်း သိသာစွာကျဆင်းသွားသဖြင့် ပြည်သူများ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးစည်းကမ်းများကို ဖြေလျှော့ပေးခဲ့ရာ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်သွားလာခွင့်များ ရလာကြသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် စိုးရိမ်ဖွယ်ရာ ကြီးကြီးမားမားမရှိသော်လည်း ကူးစက်မှုနှုန်းမြန်ဆန်သည့် ရောဂါမျိုးကွဲသစ်များ ဖြစ်ပေါ်နေသည်ကို သတိပြုရမည်ဖြစ်သည်။ ယခုကာလအတွင်း ကိုဗစ်-၁၉ ရောဂါ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သောလူနာများနှင့် အသွားအလာကန့်သတ်ထားသူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ နေ့စဉ်စစ်ဆေးပေးလျက်ရှိရာ တစ်နေ့လျှင် လူ ၁၀ ဦးဝန်းကျင်ခန့် ရောဂါပိုးတွေ့လျက်ရှိသည်။ ဇူလိုင်လ ၂၂ ရက်နေ့ည ၈ နာရီမှ ဇူလိုင်လ ၂၃ ရက်နေ့ ည ၈ နာရီအတွင်း စစ်ဆေးချက်တွင် ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၃ ဦးတွေ့ရှိသဖြင့် ရောဂါကူးစက်နှုန်းတိုးလာသည်ကို သတိပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ရောဂါကူးစက်မှုနှုန်း သိသာစွာကျဆင်းနေခြင်းဖြစ်ပြီး ရောဂါကို အပြီးတိုင်ထိန်းချုပ်ထားနိုင်ခြင်းမရှိပေ။ ရောဂါကူးစက်မှုနှုန်း ကျဆင်းသွားသဖြင့် ဖြေလျှော့မှုများ ပြုလုပ်ပေးခြင်းသာဖြစ်ပြီး လူစုလူဝေးနှင့် သတ်မှတ်ထားသောအခြေအနေများတွင် ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းကမ်းများကို မဖြစ်မနေလိုက်နာရမည်ဖြစ်သည်။ ယခုအခါတွင် မြန်မာနိုင်ငံအတွင်း ရောဂါကူးစက်သည့်ဦးရေ တိုးလာနေသည်ကို သတိပြု၍ အများပြည်သူ ဝင်ထွက်၊ သွားလာ၊ စုဝေးသောနေရာများတွင် ပါးစပ်နှင့်နှာခေါင်းစည်းများတပ်ဆင်ခြင်း၊ လက်ကို ဆပ်ပြာဖြင့် သန့်စင်စွာဆေးကြောခြင်းနှင့် ကျန်းမာအောင်နေထိုင်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူတစ်ဦးသည် ရောဂါကြောင့်သေဆုံးရမှုကို ခုနစ်ဆခန့်အထိ လျှော့ချနိုင်ကြောင်း ကျန်းမာရေးပညာရှင်များက အသိပေးထားသည်။ ထို့ကြောင့် လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရန် လိုအပ်ပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ ဆီးချို၊ နှလုံးစသည့် နာတာရှည်ရောဂါရှိသူများအနေဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့် မပျက်မကွက်ထိုးနှံထားကြရန် အထူးလိုအပ်သည်။ ကျန်းမာရေးဝန်ကြီးဌာနသည် အသက် (၁၈) နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသူ ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတကာခရီးသွားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးပါက ခရီးသွားလာခွင့်ပြုထားရာ နိုင်ငံအတွင်း ရောဂါဖြစ်ပွားနှုန်း နည်းပါးသွားသော်လည်း ပြည်ပမှ ဝင်ရောက်လာသူများမှတစ်ဆင့် ရောဂါကူးစက်မှုများ ဖြစ်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကျောင်းနေအရွယ်ကလေးများဖြစ်သည့် ငါးနှစ်မှ (၁၈) နှစ်အကြား ကျောင်းသားကျောင်းသူ ၅၈၂၀၀၀၀ ကျော်အား ထိုးနှံပေးခဲ့ပြီးဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ စုစုပေါင်း ၃၆ သန်းခန့် ရှိနေပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်မှုနှင့် အုပ်ချုပ်ရေးလမ်းကြောင်းအဆင်ပြေသည့်ဒေသများတွင် ကာကွယ်ဆေး ၉၉ ရာခိုင်နှုန်းခန့် ထိုးနှံပေးပြီးဖြစ်သည်။ ထိုးနှံရန်ကျန်ရှိသည့် နေရာဒေသများတွင် ဆက်လက်ထိုးနှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးနှံထားခြင်းသည် အရေးကြီးသောအချက်ဖြစ်၍ ကာကွယ်ဆေးမထိုးနှံရသေးသော၊ အကြိမ်ပြည့် မထိုးနှံရသေးသည့် ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန်နှင့် လူစုလူဝေးရှိသည့်နေရာများနှင့် လိုက်နာရန်သတ်မှတ်ထားသည့်နေရာများတွင် နှာခေါင်းစည်းတပ်ဆင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ငါးမှု ရုံးထိုင်ကြားနာ

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးခင်မောင်ကြီး၊ ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင် တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၁၀/၂၀၂၀ (မန္တလေး)၊ ၂၈/ ၂၀၂၁ (ရန်ကုန်)၊ ၃၀/ ၂၀၂၁ (မကွေး)၊ ၃၂/ ၂၀၂၁ (မန္တလေး)နှင့် ၂၀/၂၀၂၂ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် စတင်ကျင့်သုံးမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်

နေပြည်တော် ဇူလိုင် ၂၅

၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင် စွဲဆိုသည့် တရားမမှုများနှင့်စပ်လျဉ်း၍ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ်ရုံးက အသိပေးထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## မုက္ကဒိခေတ်မီစံပြကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

ဘားအံ ဇူလိုင် ၂၅

ကရင်ပြည်နယ် ဘားအံမြို့နယ် မုက္ကဒိခေတ်မီ စံပြကျေးရွာတွင် လယ်ယာသုံးစက် ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ခေတ်မီစံပြကျေးရွာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးခင်မောင်သန်းက မိရိုးဖလာ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံးလာစေရေး စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းစဉ်များနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းကို မုက္ကဒိကျေးရွာအုပ်စုမှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး စက်မှုလယ်ယာဦးစီးဌာနမှ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်။ သင်တန်းဖွင့်ပွဲသို့ စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်မောင်သန်း၊ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မုက္ကဒိကျေးရွာမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅- ၇ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၅၀၀ | ၁၅၃ | ၁,၁၂၂,၁၀၀ |
| MTSH | ၂,၅၀၀ | ၂,၅၅၀ | ၃,၂၄၃ | ၈,၁၅၉,၄၅၀ |
| MCB | ၇,၂၀၀ | ၇,၂၀၀ | ၂ | ၁၄,၄၀၀ |
| FPB | ၁၈,၅၀၀ | ၁၇,၅၀၀ | ၃၉၀ | ၆,၈၇၀,၀၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၇၀၀ | ၁,၆၈၀,၀၀၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၁၀ | ၂၅,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂ | ၉,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၈၉၄.၄ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၄.၂၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၅၄၀ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၅.၄၀ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၂၀၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၈၇.၀ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၆.၃ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၇.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၂၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

စိုက်ပျိုးလျက်ရှိကြောင်း၊ သစ်တော၊ သစ်ပင်များ၏ ဖြစ်တည်မှုသည် လူအပါအဝင် သက်ရှိသတ္တဝါအားလုံး အသက်ရှင်တည်မြဲနိုင်ရေးအတွက် ဂေဟကွင်းဆက်တစ်ခုပင်ဖြစ်ကြောင်း၊ လူနှင့်သတ္တဝါတို့ အသက်ရှင် ရပ်တည်ရေးအတွက် သစ်တော၊ သစ်ပင်များသည် အရေးပါလျက်ရှိကြောင်း၊ လူနှင့် သတ္တဝါတို့ကြောင့် ဖြစ်ပေါ်လာသည့် အဆိပ်အတောက်၊ ဓာတ်ငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုက်တို့ကို စုပ်ယူပေးပြီး လူနှင့်သတ္တဝါတို့ အသက်ရှူသွင်းရန် အောက်ဆီဂျင်ဓာတ်ငွေ့ကို သစ်ပင်များက ထုတ်လွှတ်ဖြည့်ဆည်းပေးထားခြင်းဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် သစ်ပင်စိုက်ပျိုးရာတွင် အဖြစ်သဘောမျိုး၊ ဝတ်ကျေတမ်းကျေ စိုက်ပျိုးကြခြင်းမျိုးမဟုတ်ဘဲ သစ်စေ့မှတစ်ဆင့် သန်စွမ်းသည့် ပျိုးပင်ဖြစ်စေရန် ပျိုးထောင်သည့်စနစ်၊ ယင်းပျိုးပင်ကို မြေချစိုက်ပျိုးသည့်စနစ်၊ စိုက်ပြီးသစ်ပင်များကို ရှင်သန်စေရန် စိုက်ပျိုးပြုစုသည့်စနစ်၊ စိုက်ပြီးသစ်ပင်များအနက် ရှင်သန်ခြင်းမရှိသည့် သစ်ပင်များနေရာတွင် အစားထိုးစိုက်ပျိုးသည့်စနစ်တို့ဖြင့် စိုက်ပျိုးသည့်အပင်များ အမှန်တကယ် ရှင်သန်အောင်မြင်ဖြစ်ထွန်းစေရန် စနစ်တကျ စီမံစိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ အပင်စိုက်ပျိုးရန်အတွက် လုံလောက်သည့် မြေနေရာ ရှိ/မရှိ၊ စိုက်ပြီးသည့်အပင်များ ပေါင်းမြက်၊ လောင်းရိပ်များ ရှင်းလင်းပေးမှု ရှိ/မရှိ၊ အပင်များအတွက် အစိုဓာတ်လုံလောက်မှုတမှု ရှိ/မရှိ၊ အပင်ရှင်သန်ကြီးထွားစဉ် စားသုံးရန် လုံလောက်သည့် မြေဩဇာပမာဏ ပြည့်/ မပြည့် စသည့် အချက်များအထိ ထည့်သွင်းတွက်ချက် စိုက်ပျိုးကြရမည်ဖြစ်ကြောင်း။

## သစ်ပင်စိုက်ပျိုးပွဲများ၏ အောင်မြင်မှု အကျိုးရလဒ်ကို ဆက်လက်ထိန်းသိမ်းကြရမည်

တပ်မတော်အနေဖြင့် ၂၀၁၁ ခုနှစ်မှစ၍ ယခုကဲ့သို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပလာခဲ့ရာ ၂၀၂၁ ခုနှစ်အထိ ၃၂ ကြိမ်၊ အပင်စုစုပေါင်း ၁၆၈၀၈၇ ပင် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ပထမအကြိမ်၌ ၄၃၀၄ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အောင်မြင်ဖြစ်ထွန်းမှုအနေဖြင့် ၆၀ ရာခိုင်နှုန်းအောက်ရောက်သည့်နှစ် ငါးနှစ်သာရှိခဲ့ပြီး ကျန်နှစ်များအားလုံး အောင်မြင်ဖြစ်ထွန်းမှု ၈၀ ရာခိုင်နှုန်းနှင့်အထက်ရှိသည့် မှတ်တမ်းကောင်းများ ရရှိပိုင်ဆိုင်ထားကြောင်းနှင့် ယင်းမှတ်တမ်းကောင်းကို ဆက်လက်ထိန်းသိမ်းသွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

တပ်မတော်အနေဖြင့် နှစ်စဉ်ကျင်းပသည့် သစ်ပင်စိုက်ပွဲတော်များတွင် ဒေသမျိုးရင်း အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့်အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အမြဲစိမ်းသစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ စသည့် ဒေသနှင့်ကိုက်ညီသင့်လျော်ပြီး တန်ဖိုးရှိသည့် အပင်မျိုးစိတ်များကို စနစ်တကျရွေးချယ်ပြီး အစီအစဉ်တကျ စိုက်ပျိုးနေကြောင်း။

## သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် လူ့အသိုက်အဝန်း တစ်ရပ်အဖြစ် ရပ်တည်နိုင်မည်

ထို့ကြောင့် မိမိတို့တပ်မတော်သားများမှအစပြု၍ မိမိတို့နိုင်ငံသားများအနေဖြင့် တစ်ဦးချင်းတစ်ယောက်ချင်းမှ အုပ်စုလိုက်၊ အဖွဲ့အစည်းလိုက်၊ ကျေးရွာလိုက်၊ မြို့နယ်လိုက် သစ်ပင်စိုက်ပျိုးထိန်းသိမ်းသည့် အလေ့အထရှိသူများဖြစ်လာမည်ဆိုပါက တစ်နိုင်ငံလုံးသည် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် လူ့အသိုက်အဝန်းတစ်ရပ်အဖြစ် ရပ်တည်လာနိုင်မည်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဖြစ်လာမည်ဆိုပါက မိမိတို့နိုင်ငံသားများအနေဖြင့်လည်း သာယာနေပျော်ဖွယ်ကောင်းသည့် သဘာဝပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို မလွဲမသွေ ပိုင်ဆိုင်လာကြမည်ဖြစ်ကြောင်း၊ ကောင်းမွန်မျှတသည့် ရာသီဥတုနှင့် လတ်ဆတ်သန့်စင်သည့် လေကောင်းလေသန့်ပတ်ဝန်းကျင်တွင် နေထိုင်ခွင့်ရကြမည်ဖြစ်သဖြင့် ကျန်းမာကြံ့ခိုင်ပြီး လူ့သက်တမ်းစေ့ နေထိုင်နိုင်သည့် လူ့အသိုက်အဝန်းတစ်ရပ်အဖြစ်လည်း မလွဲမသွေရောက်ရှိလာကြမည်ပင်ဖြစ်ကြောင်း။

သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင်ကို သွယ်ဝိုက်သည့်နည်းလမ်းအသွယ်သွယ်ဖြင့် အကျိုးကျေးဇူးဖြစ်ထွန်းစေသည့်အပြင် တိုက်ရိုက်အကျိုးပြုခြင်းလည်း အများအပြားရှိနေကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများမှ ဒီရေတောများဆိုပါက လေထုအတွင်းမှ ကာဗွန်ဓာတ်ငွေ့ကို ဖယ်ထုတ်ပေးရာတွင် အဓိကအရေးပါပြီး အင်အားကြီးမားသည့် မုန်တိုင်းကြီးများ၏ သက်ရောက်မှုပြင်းအားကို လျှော့ချပေးနိုင်သည့်အပြင် ဦးတည်ရာအရပ်ပြောင်းလဲသွားရန်လည်း အထောက်အကူပြုနိုင်သည်ကို မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ကြရဖူးသည့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင် အထင်အရှားတွေ့မြင်ခဲ့ကြရပြီးဖြစ်ကြောင်း။ **စာမျက်နှာ ၄ သို့**☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးပေးစဉ်။

**❍ သစ်တော၊ သစ်ပင်များ၏ဖြစ်တည်မှုသည် လူအပါအဝင် သက်ရှိသတ္တဝါအားလုံး အသက်ရှင်တည်မြဲနိုင်ရေးအတွက် ဂေဟကွင်းဆက်တစ်ခုပင်ဖြစ်**

**❍ လူနှင့် သတ္တဝါတို့ကြောင့် ဖြစ်ပေါ်လာသည့် အဆိပ်အတောက်၊ ဓာတ်ငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုက်တို့ကိုစုပ်ယူပေးပြီး လူနှင့်သတ္တဝါတို့ အသက်ရှူသွင်းရန် အောက်ဆီဂျင်ဓာတ်ငွေ့ကို သစ်ပင်များက ထုတ်လွှတ်ဖြည့်ဆည်းပေးထားခြင်းဖြစ်**

**❍ တပ်မတော်အနေဖြင့် သစ်ပင်စိုက်ပျိုးရာတွင် အဖြစ်သဘောမျိုး၊ ဝတ်ကျေတမ်းကျေ စိုက်ပျိုးကြခြင်းမျိုးမဟုတ်ဘဲ သစ်စေ့မှတစ်ဆင့် သန်စွမ်းသည့်ပျိုးပင်ဖြစ်စေရန် ပျိုးထောင်သည့်စနစ်၊ ယင်းပျိုးပင်ကို မြေချစိုက်ပျိုးသည့်စနစ်၊ စိုက်ပြီးသစ်ပင်များကို ရှင်သန်စေရန် စိုက်ပျိုးပြုစုသည့်စနစ်၊ စိုက်ပြီးသစ်ပင်များအနက် ရှင်သန်ခြင်းမရှိသည့် သစ်ပင်များနေရာတွင် အစားထိုး စိုက်ပျိုးသည့်စနစ်တို့ဖြင့် စိုက်ပျိုးသည့်အပင်များ အမှန်တကယ်ရှင်သန်အောင်မြင်ဖြစ်ထွန်းစေရန် စနစ်တကျစီမံစိုက်ပျိုးကြရမည်**

☆ စာမျက်နှာ ၃ မှ

ကုန်းတွင်းပိုင်းဒေသများဆိုပါကလည်း သစ်တောသစ်ပင်များက မြေဆီလွှာကို ထိန်းသိမ်းပေးနိုင်သောကြောင့် လယ်ယာကိုင်းကျွန်းမြေများ အောင်မြင်ဖြစ်ထွန်းခြင်း၊ မြေအောက်ရေကို ထိန်းသိမ်းပေးနိုင်ခြင်းတို့ကြောင့် ရေတွင်းရေကန်နှင့် သဘာဝစမ်းချောင်းများ တည်မြဲနေခြင်းဖြစ်ပြီး မြစ်ရေတိုက်စား၍ ကမ်းပါးပြိုခြင်းနှင့် မိုးများ၍ မြေပြိုသည့်ဖြစ်စဉ်များအပေါ် တိုက်ရိုက်ကာကွယ်လျှော့ချပေးခဲ့သည်များကို သိမြင်မိကြမည်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းသည် မိမိအတွက်ဆိုခြင်းထက် အများအတွက်ဟူသည့် ကုသိုလ်စေတနာသဒ္ဓါတရားရှေ့ဆောင်ပြီး ပြုလုပ်အားထုတ်သည့် အလုပ်တစ်မျိုးဖြစ်သည့်အတွက် ဘာသာတရားပိုင်းအမြင်ဖြင့်လည်း ကောင်းမွန်သင့်မြတ်သည့် အလုပ်ဖြစ်ကြောင်း။

### စိုက်ပျိုးသည့်အပင်များ အမှန်တကယ်ရှင်သန်အောင်မြင်ဖြစ်ထွန်းစေရန် စနစ်တကျစီမံစိုက်ပျိုး

စိုက်ပျိုးပြီးစီးခဲ့သည့် အပင်တိုင်းကို စတင်စိုက်ပျိုးပြီးချိန်မှစ၍ စဉ်ဆက်မပြတ် စောင့်ကြည့်သည့်စနစ်ထူထောင်သွားရမည်ဖြစ်ပြီး ထိန်းသိမ်းပြုစုခြင်းလုပ်ငန်းစဉ်များကို ရာသီအလိုက်၊ အပင်သက်တမ်းအလိုက် မပျက်မကွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးရာတွင် အဖြစ်သဘောမျိုး၊ ဝတ်ကျေတမ်းကျေ စိုက်ပျိုးကြခြင်းမျိုးမဟုတ်ဘဲ စိုက်ပျိုးသည့်အပင်များ အမှန်တကယ်ရှင်သန်အောင်မြင်ဖြစ်ထွန်းစေရန် စနစ်တကျစီမံစိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပြီးသစ်ပင်များ ရှင်သန်စေရန် စိုက်ပျိုးပြုစုသည့်စနစ်၊ စိုက်ပြီးသစ်ပင်များအနက် ရှင်သန်ခြင်းမရှိသည့် သစ်ပင်များနေရာ၌ အစားထိုးစိုက်ပျိုးသည့်စနစ်တို့ဖြင့် စီမံစိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သားများ လုပ်ဆောင်ကြရသည့် အဓိကလုပ်ငန်းတာဝန်ကြီးသုံးရပ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တစ်ရပ်အဖြစ်ပါဝင်သည့် ပြည်သူ့သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်များတွင် တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



**○ သစ်ပင်စိုက်ပျိုးခြင်းသည် မိမိအတွက်ဆိုခြင်းထက် အများအတွက်ဟူသည့် ကုသိုလ်စေတနာသဒ္ဓါတရားရှေ့ဆောင်ပြီး ပြုလုပ်အားထုတ်သည့် အလုပ်တစ်မျိုးဖြစ်သည့်အတွက် ဘာသာတရားပိုင်းအမြင်ဖြင့်လည်း ကောင်းမွန်သင့်မြတ်သည့် အလုပ်ဖြစ်**

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

### ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည် ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၇၇၀၅၃ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၂၁၅၂ ပင်၊ ပျဉ်းကတိုး ၁၀၇၆ ပင်နှင့် အရိပ်ရလေကာပင် မန်ကျည်းပင်ရှား ၁၀၇၆ ပင် စုစုပေါင်း ၄၃၀၄ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **စာမျက်နှာ ၅ သို့ ☆**

# လူထုအခြေပြုဗဟိုဌာနသည် လူငယ်များတွေ့ဆုံရန် အသင့်တော်ဆုံးနေရာဖြစ်ပြီး လူငယ် Network ကျယ်ပြန့်လာသည်နှင့်အမျှ Community ကျယ်ပြန့်လာကာ ရေရှည်ဖွံ့ဖြိုးတိုးတက်၍ လူငယ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်သည့် နေရာတစ်ခုဖြစ်

**တောင်ကြီး ဇူလိုင် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများအား ပြည်သူများ အသိပညာနှင့် သတင်းအချက်အလက်များ ရှာမှီးရာနေရာ၊ ရပ်ကျိုးရွာကျိုး တိုင်းကျိုးပြည်ကျိုးကိစ္စများ ဆွေးနွေးတိုင်ပင်ရာနေရာ၊ ပြည်သူများ အကျွမ်းတဝင် ဝင်/ထွက်သွားလာရာ နေရာများအဖြစ် ပေါ်ပေါက်လာစေရေးအတွက် လူထုအခြေပြုဗဟိုဌာနများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ တောင်ကြီးမြို့၌ တည်ဆောက်ပြီးစီးသည့်လူထုအခြေပြုဗဟိုဌာန အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လူထုအခြေပြုဗဟိုဌာန(တောင်ကြီး) အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

### ဖွင့်လှစ်ပေး

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် မြို့မိမြို့ဖ ဦးမောင်မောင်မြင့်တို့က လူထုအခြေပြုဗဟိုဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် တောင်ကြီးခရိုင်ရုံး လူထုအခြေပြု ဗဟိုဌာန အဆောက်အအုံတွင် စာပေဗိမာန် အရောင်းဆိုင်၊ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ် (Mini Museum)၊ ပြည်သူ့စာကြည့်တိုက်၊ အစည်းအဝေးခန်းမ၊ ကွန်ပျူတာခန်းမ၊ သင်တန်းခန်းမ၊ အားကစားခန်းမနှင့် ဘက်စုံသုံးခန်းမတို့ကို ထည့်သွင်းထားရှိ ပေးထားသည့်အတွက် ပြည်သူများအတွက် အသိပညာ အတတ်ပညာ ဗဟုသုတရှာမှီးရာ နေရာတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ လူထုအခြေပြုဗဟိုဌာနရှိ ဆွေးနွေးပွဲခန်းမ၌ လူငယ်များ၏ အသိပညာမြင့်မားရေး၊ မိမိကိုယ်ကို ယုံကြည်မှုရှိလာစေရေးနှင့် ရပ်ရွာအရေးကိစ္စများတွင် ပါဝင်ကူညီဆောင်ရွက်ရေးအတွက် လူငယ်အသင်း(Youth Club)က ဦးဆောင်၍ လူငယ်ရေးရာ လှုပ်ရှားမှုများ ဆောင်ရွက်ခြင်းဖြင့် လူငယ်များ၏ Network ကျယ်ပြန့်၍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ လူထုအခြေပြုဗဟိုဌာနသည် လူငယ်များတွေ့ဆုံရန် အသင့်တော်ဆုံး နေရာဖြစ်ပြီး လူငယ် Network ကျယ်ပြန့်လာသည်နှင့်အမျှ Community ကျယ်ပြန့်လာကာ ရေရှည်ဖွံ့ဖြိုး တိုးတက်၍ လူငယ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်သည့် နေရာတစ်ခုလည်းဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လူထုအခြေပြုဗဟိုဌာန(တောင်ကြီး) အဆောက်အအုံသစ်ရှိ ကလေးစာဖတ်ခန်း၌ ကလေးငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ထို့အပြင် တိုင်းရင်းသားလူငယ်အချင်းချင်း ချစ်ခင်ရင်းနှီး၍ ယဉ်ကျေးမှု ဓလေ့စရိုက်များ ထွန်းကားစေနိုင်ပြီး ပြည်သူများ အမှန်တကယ် အားကိုးအားထားပြုနိုင်သည့် လူထုအခြေပြုဗဟိုဌာနအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်သကဲ့သို့ လူထုအခြေပြုစာကြည့်တိုက်များဖြင့် ကောင်းမွန်သည့်ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ ကောင်းမွန်သည့် ပုံရိပ်ကိုလည်း မြှင့်တင်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

### မရှိမဖြစ်ထားရှိသင့်

နိဂုံးချုပ်အနေဖြင့် လူထုအခြေပြုဗဟိုဌာနတွင် မိမိတို့ဝန်ကြီးဌာနအပြင် ပြည်နယ်အစိုးရနှင့် အလှူရှင်တို့က ဘက်ပေါင်းစုံမှ တတ်နိုင်သမျှဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ရာ ပြည်သူများအနေဖြင့် လူထုအခြေပြုဗဟိုဌာနသည် မြို့အင်္ဂါရပ်နှင့်အညီ မရှိမဖြစ် ထားရှိသင့်သည့်နေရာ၊ အသိပညာဗဟုသုတများ ရှာမှီးရာနေရာ၊ သတင်းအချက်အလက် ရှာဖွေရာနေရာဖြစ်လာအောင် အလေးထားပြီး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြစေလိုကြောင်းနှင့် လူထုအခြေပြုဗဟိုဌာန (တောင်ကြီး) အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီပေးကြသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားပြီး တောင်ကြီးမြို့မှ မြို့မိမြို့ဖ ဦးမောင်မောင်မြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ထုတ်လွှင့်ပေးလျက် ရှိသည့် အစီအစဉ်များကို ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် MRTV DVB – T2 Set Top Box အလုံးရေ ၅၀၀ နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်မိသားစုများအတွက် အလုံးရေ ၅၀၀ ကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

### လွှဲပြောင်းပေးအပ်

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွက် DTH စလောင်းများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးအား ပေးအပ်ပြီး လူထုအခြေပြုဗဟိုဌာန (တောင်ကြီး) အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို မြန်မာ့ကြယ်စင်လင်း ကုမ္ပဏီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက လူထုအခြေပြုဗဟိုဌာန အဆောက်အအုံရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ကလေးစာဖတ်ခန်း၊ အနုပညာခန်း၊ ပြတိုက်ငယ်၊ ပြည်သူ့စာကြည့်တိုက်၊ အားကစားခန်းမ၊ ကွန်ပျူတာသင်တန်းခန်းမ၊ အစည်းအဝေးခန်းမနှင့် ကလေးကစားကွင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

### အသုံးပြုနိုင်မည်

ယခုဖွင့်လှစ်သည့် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံသည် B.O.T စနစ်ဖြင့် တည်ဆောက်သည့် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ဖွင့်လှစ်သည့် အဆောက်အအုံဖြစ်ပြီး ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ သတင်း အချက်အလက်နှင့် နည်းပညာ၊ အားကစား၊ အနုပညာ၊ စာပေစကားဝိုင်း ဆွေးနွေးပွဲများနှင့် ပြည်သူ့စာကြည့်တိုက်ရှိ စာအုပ်စာစောင်များကို အခမဲ့ ဝင်ရောက်လေ့လာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့တွင် Digital စနစ်ဖြင့် အသစ်တည်ဆောက်ပြီး ဖြစ်သော Jasmine Taunggyi ရုပ်ရှင်ရုံ (ယခင်မြို့မရုပ်ရှင်ရုံ) ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၄ မှ

ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၇၇၀၅၃ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

## တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၉၅၀၃၈ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ အပင် ၁၁၁၀၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၆၇၆ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ အပင် ၁၁၉၇၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၅၉၀၀၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၄၃၀၀၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၇၇၈၅ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၈၉၃၃ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၀၇၄၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၁၀၂၂ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၉၃၉၅ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၆၅၁၈ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၉၉၁၅ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၆၄၅၇ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၂၀၂၀ တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း၌ စိုက်ပျိုးသည့် ၄၃၀၄ ပင် အပါအဝင် တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၉၅၀၃၈ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆင်းရဲတွင်းမှ လွတ်ကင်းကြပါစေ

**ရေနံ့သာမောင်ကျော်ညွန့်**

မန်လည်ဆရာတော်ဘုရားကြီးက "မဃဒေဝလင်္ကာသစ်" အပိုဒ်ရေ ( ၂၆၁) မှာ-

"လူမိုက်တစ်သောင်း၊ ချီးမွမ်းရှောင်းလည်း၊ လူကောင်းတစ်ယောက်၊ ပြစ်တင်ကြောက်လော့၊ ရှေ့နောက်မဆ၊ လူ့ဗာလတို့၊ ဂုဏဒေါသ၊ နှစ်ဝကျိုးပြစ်၊ စိစစ်မြော်မြင်၊ မဆင်ခြင်ဘူး၊ ဆိုချင်မက်မော၊ ဆိုလျှင်ဆောဖြင့်၊ သဘောအလိုက်၊ တုတ်နှင့်ရိုက်သို့၊ လူမိုက်ချီးမွမ်း၊ ဂုဏ်နာန္တမ်း၏။" လို့ ရေးဖွဲ့တော်မူခဲ့ပါတယ်။

**မိမိ၏ဂုဏ်သိက္ခာ**

အဲဒီလင်္ကာပိုဒ်ကို ဓမ္မပိယဆရာတော် အရှင်သံဝရာလင်္ကာရပြုစုတော်မူတဲ့ "မဃဒေဝလင်္ကာ အဖြေကျမ်း"မှာ "လူမိုက်ပေါင်းတစ်သောင်းက ချီးမွမ်းနေသော်လည်း သစ္စာစကားဆိုတတ်သည့် သူတော်ကောင်းတစ်ယောက်၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ကြောက်ပါလော့။ လူမိုက်တို့သည် အကျိုးအပြစ်၊ ရှေ့နောက်ကိုမဆင်ခြင်ဘဲ ပြောလိုရာကိုသာ လူမိုက်တို့သဘောအတိုင်း တုတ်နှင့်ရိုက်သကဲ့သို့ ပြောတတ်ခြင်းကြောင့် လူမိုက်တို့၏ ချီးမွမ်းစကားသည် မိမိ၏ဂုဏ်သိက္ခာကိုသာ ညစ်နွမ်းစေ၏။" လို့ အဓိပ္ပာယ်ဖွင့်ဆိုပေးထားပါတယ်။

လူမှုနယ်ပယ်ထဲမှာ ကျင်လည်နေကြရတဲ့ သူတိုင်းက ချီးမွမ်းတာ၊ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့တာနဲ့ကင်းလွတ်သူမရှိပါဘူး။ ဘယ်သူမဆိုချီးမွမ်းတာလည်း ခံရမယ်၊ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တာလည်း ခံရမယ်။ ချီးမွမ်းခံရတာကို သဘောကျတယ်။ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့ခံရတာကိုတော့ သဘောမကျဘူး။ ချီးမွမ်းတဲ့စကားကိုပဲ ကြားချင်ကြတယ်။ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တဲ့စကားကိုတော့ မကြားချင်ကြဘူး။

ဘယ်သူမဆို ချီးမွမ်းတဲ့စကားကို ကြားရရင် ကျေနပ်တယ်။ သဘောကျတယ်။ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တဲ့စကားကိုကြားရရင် မကျေနပ်ဘူး။ သဘောမကျဘူး။ ကျေနပ်သဘောကျတော့ သာယာတယ်။ မကျေနပ် သဘောမကျတော့ ခံပြင်းရရော။ ဒါကလည်းသဘာဝပါပဲ။ ဒါပေမဲ့ ချီးမွမ်းခံရတိုင်းလည်း သာယာစရာမဟုတ်သလို အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့ခံရတိုင်းလည်း ခံပြင်းစရာမဟုတ်ပါဘူး။

ချီးမွမ်းတဲ့သူ၊ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တဲ့သူက သူ့ရဲ့အကဲဖြတ်အမှတ်ပေးတဲ့အပေါ် မူတည်ပြီး သူ့အမြင်၊ သူ့အတွေးနဲ့ချီးမွမ်းတာ၊ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တာပါ။ ဒီတော့ အကဲဖြတ်အမှတ်ပေးသူက တရားမျှတဖို့၊ ဘက်မလိုက်ဖို့၊ သမာသမတ်ကျဖို့၊ အဂတိကင်းစင်ဖို့လိုတာပေါ့။ ဒါကြောင့် ချီးမွမ်းတဲ့သူ၊ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တဲ့သူက သမာသမတ်ကျတဲ့သူဖြစ်ဖို့ အင်မတန်အရေးကြီးပါတယ်။

**ပုဂ္ဂိုလ်ရေးခံစားချက်**

သမာသမတ်ကျတဲ့သူဆိုတာက မျှတဖြောင့်မတ်တဲ့သူပါပဲ။ သမာသမတ်ကျတဲ့သူက အကြောင်းနဲ့အကျိုး၊ အကောင်းနဲ့ အဆိုးကို သိတယ်။ ရှေ့နောက်မြော်မြင် ဆင်ခြင်တုံတရားရှိတယ်။ ပုဂ္ဂလဓိဋ္ဌာန် အစွဲမသန်ဘူး။ ပုဂ္ဂိုလ်ရေးခံစားချက်မရှိဘူး။ ငါစွဲ၊ အတ္တစွဲမရှိဘူး။ ချီးမွမ်းထိုက်သူကိုပဲချီးမွမ်းတယ်။

မချီးမွမ်းထိုက်သူကိုမချီးမွမ်းပါဘူး။ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့ထိုက်သူကိုပဲ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တယ်။ အပြစ်မဆိုအပြစ်မတင်မကဲ့ရဲ့ထိုက်သူကို အပြစ်မဆို အပြစ်မတင်မကဲ့ရဲ့ပါဘူး။ ဒီတော့ သမာသမတ်မကျတဲ့သူရဲ့ချီးမွမ်းတာ၊ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တာက အချည်းနှီးပါပဲ။ သမာသမတ်မကျတဲ့သူရဲ့ အပြစ်ဆိုအပြစ်တင် ကဲ့ရဲ့တာက အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့ခံရသူကို မထိခိုက်မနစ်မွန်းစေပါဘူး။ သူ့ကိုပဲ ပြန်လည်ထိခိုက်နစ်မွန်းစေတာပါပဲ။ သမာသမတ်မကျတဲ့သူရဲ့ ချီးမွမ်းမှုကလည်း ချီးမွမ်းခံရသူကို ကောင်းကျိုးမဖြစ်ပါဘူး။ ဆိုးကျိုး၊ ဆိုးပြစ်တွေကိုပဲဖြစ်စေတာပါပဲ။

အများအဖို့ရော ကိုယ့်အဖို့ပါ ကောင်းကျိုးချမ်းသာဖြစ်ပွားအောင် ကြိုးစားအားထုတ်တဲ့သူက ချီးမွမ်းထိုက်တဲ့သူပါ။ ချီးမွမ်းထိုက်တဲ့သူကို ချီးမွမ်းကြရမှာဖြစ်ပါတယ်။ ချီးမွမ်းထိုက်တဲ့သူကိုတွေ့ရင် သမာသမတ်ကျတဲ့သူက ဝမ်းသာတယ်။ ဂုဏ်ယူတယ်။ ဒီတော့ ထုတ်ဖော်ဂုဏ်ပြုချီးမွမ်းတာပေါ့။ ထုတ်ဖော်ဂုဏ်ပြုချီးမွမ်းလိုက်တာက အားပေးလိုက်တာပါပဲ။ ထုတ်ဖော်ဂုဏ်ပြုချီးမွမ်းခံရတဲ့သူအဖို့လည်း အားတက်သရောဖြစ်ရတယ်။ ဆက်လက်ကြိုးစားအားထုတ်လိုစိတ်တွေ ပြင်းပြထက်သန်နေတာပေါ့။

**အလွဲအမှားတွေ**

သမာသမတ်ကျတဲ့သူက ချီးမွမ်းစရာတွေ့ရင် ချီးမွမ်းသလို အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့စရာတွေ့ရင်လည်း လျစ်လျူရှုမနေပါဘူး။ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တာပါပဲ။ တမင်သက်သက်တော့ မဟုတ်ပါဘူး။

> **သမာသမတ်ကျတဲ့သူ ချီးမွမ်းတာ၊ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့တာက ဘဝအတွက် ကျေးဇူးကြီးမားလှပါတယ်။ သမာသမတ်မကျတဲ့သူ ချီးမွမ်းတာ၊ အပြစ်ဆိုအပြစ်တင် ကဲ့ရဲ့တာကတော့ ဘဝအတွက် ကျေးဇူးမပြုပါဘူး။ ဘဝအတွက် ကျေးဇူးမပြုတဲ့ သမာသမတ်မကျသူက ချီးမွမ်းတာကို မသာယာမိအောင်၊ မယစ်မူးမိအောင် အလေးအနက် သတိမူကြဖို့လိုသလို အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တာကိုလည်း ခံပြင်းမနေဖို့ အလေးအနက် သတိမူကြရပါမယ်**

ချွတ်ယွင်းချွတ်ချော် လွဲမှားနေတာတွေကိုတွေ့မှ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တာပါ။ ဒါကလည်း ချွတ်ယွင်းချွတ်ချော်လွဲမှားနေတာတွေကို ဆက်ပြီးတော့ မကျူးလွန်စေချင်လို့ တားမြစ်တာပါပဲ။ အပြစ်ဆိုအပြစ်တင် ကဲ့ရဲ့ခံရသူကလည်း အလွဲအမှားတွေကို ဆက်လက်မကျူးလွန်မိအောင် ရှောင်ရှားလိုက်တော့ အမှားကင်းတာပေါ့။

ကိုယ်ကျိုးအတွက် အများအကျိုးကို ပျက်စီးအောင် ဖျက်ဆီးတာမကောင်းပါဘူး။ အဖျက်သမားပါပဲ။ ပျက်စီးအောင် ဖျက်ဆီးတဲ့ အဖျက်သမားကို အပြစ်ဆိုအပြစ်တင်ရမှာပါ။ ကဲ့ရဲ့ရှုတ်ချရမှာပါ။ ဒါပေမဲ့ သမာသမတ်မကျတဲ့သူကတော့ အပြစ်မဆိုပါဘူး။ အပြစ်မတင်ပါဘူး။ အပြစ်မဆို အပြစ်မတင် မကဲ့ရဲ့တဲ့အပြင် ချီးမွမ်းပေးနေတော့တာပါပဲ။

သမာသမတ်မကျတဲ့သူကတော့ သူနဲ့အလွမ်းသင့်တဲ့သူဆိုရင် ချီးမွမ်းတယ်။ အလွမ်းသင့်နေတဲ့သူက အဖျက်သမားဖြစ်နေလည်း ချီးမွမ်းတာပါပဲ။ ချီးမွမ်းခံရတဲ့ အဖျက်သမားကလည်း ချီးမွမ်းခံရလေလေ ဆက်ပြီးဖျက်ဆီးလေလေပဲ။ ချီးမွမ်းတဲ့သူကလည်း ပျက်စီးအောင် ဖျက်ဆီးနေလေလေ ချီးမွမ်းလေလေပါပဲ။ အဲဒီလို သမာသမတ်မကျတဲ့သူ ချီးမွမ်းပေးနေတာက ချီးမွမ်းခံနေရတဲ့သူကို ဒုက္ခတွင်းထဲကျအောင် တွန်းပို့ပေးနေတာပါပဲ။ သွေးထိုးလှုံ့ဆော်ပေးနေတာပါပဲ။

အဲဒီသမာသမတ်မကျတဲ့သူက သူနဲ့အလွမ်းမသင့်သူဆိုရင် ချီးမွမ်းစရာတွေ ဘယ်လောက်များများ မချီးမွမ်းပြန်ဘူး။ မချီးမွမ်းတဲ့အပြင် အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့နေတော့တာပဲ။ ချီးမွမ်းဖို့ကောင်းတာကို မချီးမွမ်းတာက မုဒိတာမပွားနိုင်လို့ပါ။ မုဒိတာမပွားနိုင်တော့ မနာလိုဘူး။ မနာလိုတော့ အပြစ်ဆိုအပြစ်တင်တယ်။ ကဲ့ရဲ့ရှုတ်ချတယ်။ ချီးမွမ်းစရာတွေကို ညှိုးနွမ်းသွားအောင်လို့ပေါ့။ ဒါပေမဲ့ မညှိုးနွမ်းပါဘူး။

သမာသမတ်ကျတဲ့သူ ချီးမွမ်းတာ၊ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တာက ဘဝအတွက် ကျေးဇူးကြီးမားလှပါတယ်။ သမာသမတ်မကျတဲ့သူ ချီးမွမ်းတာ၊ အပြစ်ဆိုအပြစ်တင် ကဲ့ရဲ့တာကတော့ ဘဝအတွက် ကျေးဇူးမပြုပါဘူး။ ဘဝအတွက် ကျေးဇူးမပြုတဲ့ သမာသမတ်မကျသူက ချီးမွမ်းတာကို မသာယာမိအောင်၊ မယစ်မူးမိအောင် အလေးအနက် သတိမူကြဖို့လိုသလို အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တာကိုလည်း ခံပြင်းမနေဖို့အလေးအနက် သတိမူကြရပါမယ်။

**ဆင်းရဲတွင်းနစ်အောင်နှစ်နေတာ**

ချီးမွမ်းရမှာကို မချီးမွမ်းဘဲ မချီးမွမ်းရမှာကို ချီးမွမ်းနေရင် ဆင်းရဲတွင်းနစ်အောင် နှစ်နေတာပါပဲ။ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့ရမှာကို အပြစ်မဆို အပြစ်မတင် မကဲ့ရဲ့ဘဲ အပြစ်မဆို အပြစ်မတင်ရမှာကို အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့နေရင်လည်း ဆင်းရဲတွင်းနစ်အောင် နှစ်နေတာပါပဲ။

ဒီတော့ ဆင်းရဲတွင်းမှ လွတ်ကင်းနိုင်အောင် စဉ်းစားဆင်ခြင်နိုင်ကြဖို့ ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ရန်ကုန်မြို့တော်ဝန် မြို့တော်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းနှင့် ဦးထောင်ဘိုလမ်းထောင့်ရှိ ဦးဥတ္တမပန်းခြံသို့ရောက်ရှိပြီး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြက်ခင်းပြင်၊ သစ်ပင်ပန်းပင်များ အလှပုံဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဗဟန်းမြို့နယ် ကန်တော်ကြီးသဘာဝဥယျာဉ်သို့ ရောက်ရှိပြီး ဆင်ရုပ်ရေကန်အတွင်း ရေညှိနှင့် ရေမှော်များ ရှင်းလင်းနိုင်ရန်အတွက် ရေနေသတ္တဝါများနှင့် ဂေဟာစနစ်ထိခိုက်မှုမရှိစေရေး သတ်မှတ်ချက်နှင့်အညီ ကန်အတွင်းသို့ Copper Sulphate ဆေးဖျန်းနေမှုနှင့် ဆင်ရုပ်ရေကန်မှတစ်ဆင့် ကန်တော်ကြီးအတွင်းသို့ ဝင်ရောက်သည့် ရေဝင်ပေါက် ရေစစ်ကန်အတွင်း နုန်းနှင့်သဲမြေများ တူးဖော်ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေသွင်းရေထုတ်စနစ်များကောင်းမွန်အောင်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ကန်တော်ကြီးသဘာဝဥယျာဉ် ဖိုးစိန်လမ်း ရေဝင်ပေါက်သို့ လည်းကောင်း၊ မရမ်းကုန်းမြို့နယ် အင်းလျားကန်ရေပိုရေလွှဲသို့လည်းကောင်း၊ မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက် သံသုမာလမ်းနှင့် ဂန္ဓမာလမ်းထောင့်သို့လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် သုဓမ္မာလမ်းမပေါ်ရှိဥက္ကလာသီရိပန်းခြံသို့လည်းကောင်း သွားရောက်၍ ရေဝင်ပေါက် ရေစစ်ကန်အတွင်းမှ နုန်းများဆယ်ယူရှင်းလင်းနေမှု၊ မြက်ပင်ချုံနွယ်များရှင်းလင်းနေမှု၊ ဗေဒါနှင့် ရေမှော်များ ဆယ်ယူရှင်းလင်းနေမှု၊ ကန်တော်ကြီးရေပြင်သန့်ရှင်းရေးနှင့် ရေလဲလှယ်နိုင်ရေးအတွက် အင်လျားကန်မှ ရေဖြည့်တင်းပေးမှု၊ မိုးသည်းထန်စွာရွာသွန်းပါက ကန်ရေမလျှံအောင် ရေပြည့်ချိန်တွင် ဆည်မြောင်းချောင်း၊ ရေပေါက်ကြည်ချောင်းတို့မှတစ်ဆင့် ငမိုးရိပ်ချောင်းအတွင်းသို့ ရေဖောက်ထုတ်နိုင်ရန် ရေတံခါး ဖွင့်/ပိတ် ထိန်းသိမ်းဆောင်ရွက်နေမှု၊ သံသုမာလမ်း(ပါရမီချောင်းတံတားနှင့် အုတ်ပုံဆိပ်တံတားအကြား)နှင့် ဂန္ဓမာလမ်း(သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းအကြား) လူသွားစင်္ကြံစက်ဘီးလမ်း ပြုလုပ်ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်လှစ်

## ဝန်ထမ်းသက်တမ်းတစ်လျှောက် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်ပြီး အဂတိတရားကင်းရှင်းသော၊ စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်သော ဝန်ထမ်းများဖြစ်အောင် အားထုတ်ကြရန်လို

**ရန်ကုန် ဇူလိုင် ၂၅**

အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခ ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ၊ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးဇော်ဇော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းများကို စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ စိတ်နေသဘောထား ပိုမိုကောင်းမွန်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်၊ နိုင်ငံ့ဝန်ထမ်းများသိရှိရမည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ကျွမ်းကျင်စေရန်၊ အုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှုသဘောတရားများ၊ စီမံခန့်ခွဲရေးဆိုင်ရာ အယူအဆများကို မိမိတို့အဆင့်နှင့်လျော်ညီစွာ သိရှိနားလည် တတ်မြောက်စေရန်၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများကို အမျိုးသားရေးအမြင်ရရှိစေရန်၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အခြေခံသဘောတရားများကို သိရှိနားလည်စေရန်နှင့် ခွဲခြားဆက်ဆံမှု ကင်းရှင်းစွာဖြင့်၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ပြည်သူဗဟိုပြု ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်စေရန်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။




အုပ်ချုပ်ရေးကဏ္ဍများတွင် မိမိတို့ရာထူးအဆင့်အလိုက် ထိရောက်သည့် စီမံခန့်ခွဲရေးစွမ်းရည်၊ ခေါင်းဆောင်မှုစွမ်းရည်နှင့် အရည်အသွေးများ၊ တတ်ကျွမ်းသင့်သည့် လုပ်ငန်းစွမ်းရည်နှင့်ထက်မြက်ခိုင်မာသည့် စိတ်ဓာတ်စွမ်းရည်တို့ တိုးတက်ဖွံ့ဖြိုးလာအောင် စိတ်ရောကိုယ်ပါ ကြိုးစားသင်ယူလေ့လာကြစေလိုကြောင်း၊ ဝန်ထမ်းသက်တမ်းတစ်လျှောက် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်ပြီး အဂတိတရားကင်းရှင်းသော၊ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်သော ဝန်ထမ်းများဖြစ်အောင် အားထုတ်ကြရန်လိုကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် နိုင်ငံ၏စီမံအုပ်ချုပ်ရေးယန္တရားကြီး အောင်မြင်စွာလည်ပတ်နိုင်ရေး၊ ပြည်သူများကို အရည်အသွေးပြည့်ဝစွာဖြင့် မြန်ဆန်သွက်လက်စွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၁)သို့ သင်တန်းသား ၁၄၂ ဦး၊ သင်တန်းသူ ၁၁၇ ဦး စုစုပေါင်း ၂၅၉ ဦး တက်ရောက်လျက်ရှိပြီး ရက်သတ္တ ၁၀ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ နေပြည်တော်အတွင်းရှိ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်၊ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်တို့ဖြင့် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



**ကွင်းဆင်းကြည့်ရှု**

ဦးစွာ ဒက္ခိဏသီရိမြို့နယ်ရှိ Nilar Frozen Foods Co., Ltd. ၏ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများအား Contract Farming စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ကာ တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် အေးခဲထုတ်လုပ်၍ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေမှု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်နှင့် ကုန်ကြမ်းပုံမှန်ရရှိရန်အတွက် စိုက်ပျိုးမြေ လိုအပ်မှုကို လည်းကောင်း၊ လယ်ဝေးမြို့နယ်ရှိ Golden Sunland Co., Ltd. က ဆောင်ရွက်လျက်ရှိသည့် အဆင့်မြင့်ဆန်စက် တည်ဆောက်ပြီးစီးမှု၊ ဆန်စပါးကြိတ်ခွဲထုတ်လုပ်ခြင်း လုပ်ငန်းနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ်ရှိ Chindwin Banner Co., Ltd. က ဆောင်ရွက်လျက်ရှိသည့် အဝတ်အထည်မျိုးစုံ ချုပ်လုပ်ခြင်းလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ဒေသနေပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်မှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဆွေးနွေး**

ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီ အဖွဲ့ဝင်တို့က ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်ဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းများဆက်လက်တိုးချဲ့ ဆောင်ရွက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့က ကူညီပံ့ပိုးပေးမည့်အစီအစဉ်များကိုလည်းကောင်း၊ လုပ်ငန်းဆိုင်ရာ ကြုံတွေ့နေရမှုများနှင့် ပတ်သက်၍ ဆက်စပ်ဌာနများနှင့် လုပ်ငန်းရှင်များအကြား ညှိနှိုင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း၊ အကျိုးတူကန်ထရိုက် လယ်ယာစနစ် ပိုမို အားကောင်းလာစေရေး၊ ကုန်ကြမ်းလုံလောက်မှုရှိစေရေး၊ အမှန်တကယ်လိုအပ်သည့် စိုက်ပျိုးမြေအသုံးပြုခွင့်ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့မြှင့်တင်ရေးနှင့် လုပ်သားများ၏ ကျွမ်းကျင်မှုဆိုင်ရာ မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၃၆၆၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများ၌ ဈေးနှုန်းတည်ငြိမ်နေသဖြင့် ဇူလိုင် ၂၅ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ ယခင်ရက်သတ္တပတ် ဈေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိဘဲ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၃၆၆၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)တွင် ၂၀၂၂ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားကို စားရိပ်သာအဆောင်(၃)အနီးတွင်ကျင်းပရာ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို စိုက်ပျိုးကြသည်။




ဒုတိယ အကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် မအူပင် ၂၅ ပင်၊ ငုရွှေဝါ ၂၅ ပင်နှင့် တရုတ်တည်ပင် ၅၀ စုစုပေါင်း ၁၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သျှားထက်

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ ဘက်စုံထူးချွန်ဆုရရှိသူများ၊ နိုင်ငံတော်အဆင့်ဆောင်းပါးဆုရရှိသူများနှင့် တက္ကသိုလ်ပညာသင်ဆုရရှိကြသူများကို ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၅

၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ ဘက်စုံထူးချွန်ဆုရရှိသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါးဆုရရှိသူများနှင့် တက္ကသိုလ်ပညာသင်ဆု ရရှိကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့တွင် မွန်ပြည်နယ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးပြုလုပ်ကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဆုရ ကျောင်းသား ကျောင်းသူများ နှင့်ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ ဘက်စုံထူးချွန်ဆုရရှိသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါးဆုရရှိသူများနှင့် တက္ကသိုလ်ပညာသင်ဆု ရရှိကြသူများကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး များနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မပန်းပြည့်သခင်အား ဆုချီးမြှင့်စဉ်။



## မြန်မာနိုင်ငံစာရေးဆရာအသင်း(ရွှေပြည်သာမြို့နယ်)၏ ပထမအကြိမ် စာပေစကားဝိုင်း ကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံစာရေးဆရာအသင်း (ရွှေပြည်သာမြို့နယ်)၏ ပထမ အကြိမ် စာပေစကားဝိုင်းနှင့် စာတမ်းဖတ်ခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်း ရုံးခန်း၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ဆွေ (မယဉ်မွန်-ကျုံပျော်) က အဖွင့်အမှာစကားပြောကြားပြီး အသင်းနာယကကြီးများ ဖြစ်ကြသော ဆရာကြီး နိုင်ဘောဂလှဝင်း၊ ဆရာကြီး မောင်မောင်အုန်း-လယ်ဝေးနှင့် ဆရာကြီး မော်ကျွန်းစိုးမြင့်တို့ တက်ရောက် ဩဝါဒစကား ပြောကြားသည်။

အခမ်းအနားတွင် စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာမ မယဉ်မွန်-ကျုံပျော်၏ “မိုးထက်မြင့်သောမေတ္တာရသဝတ္ထုတို”ကို ဆရာမ တင်စန္ဒာက ဖတ်ကြားပြီး ဆရာချိုပန်းချီ(ပညာရေး) နှင့် ဆရာနောင်အံ့လူ တို့က အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ဉာဏ်ဟိန်း

## ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ ပုသိမ်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

ပုသိမ် ဇူလိုင် ၂၅

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးအတွင်းမှ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၁၃၈ ဦး တို့သည် ပုသိမ်မြို့ရှိ အထင်ကရ နေရာများသို့ ဇူလိုင် ၂၄ ရက် ညနေပိုင်းက သွားရောက်လေ့လာ ခဲ့ကြကြောင်း သိရသည်။

ဦးစွာ ကျောင်းသား ကျောင်းသူ များသည် ပုသိမ်မြို့၏ ကျက်သရေဆောင် ရှေးဟောင်း သမိုင်းဝင် ရွှေမုဋ္ဌော မဟာစေတီ တော်မြတ်ကြီး၏ ရင်ပြင်တော် ပေါ်ရှိ ဦးမောင်ကြီး အာရုံခံ တန်ဆောင်းရှိ ရုပ်ပွားတော်မြတ် များအား ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ထူးချွန် ကျောင်းသား ကျောင်းသူ မောင်မယ်များအား ဘဏ္ဍာတော် ထိန်း ဂေါပကအဖွဲ့ဝင်တစ်ဦးက စေတီတော်မြတ်ကြီး၏ သမိုင်း ကြောင်းကို ရှင်းလင်းပြောကြား သည်။ ထို့နောက် ထူးချွန် ကျောင်းသား ကျောင်းသူများက အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်း လွှာနှင့် ဓမ္မလက်ဆောင် ဘုရား ပုံတော်များ ပြန်လည်ပေးအပ် ခဲ့ကာ ကျောင်းသား ကျောင်းသူ မောင်မယ်များ၏ ကိုယ်စား အုပ်ချုပ်သူတစ်ဦးက ကျေးဇူး တင်စကား ပြောကြားခဲ့သည်။



### သွားရောက်လေ့လာ

ဆက်လက်၍ ကျောင်းသား ကျောင်းသူများသည် ရွှေစည်းခုံ စေတီတော်မြတ်ကြီးအား ဖူးမြော် ကြည်ညို၍ အလှူငွေများထည့်ဝင် လှူဒါန်းခဲ့ပြီး အမှတ်(၁)အခြေခံ ပညာ အထက်တန်းကျောင်း ရတနာ တန်ဆောင်ခန်းမ၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် ခရိုင်အဆင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲသို့ လည်းကောင်း၊ မရမ်းချောင်းကျေးရွာ ရေပေး ဝေရေးစီမံကိန်းသို့ လည်းကောင်း သွားရောက် လေ့လာခဲ့ကြပြီး သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့ကြောင်း သိရသည်။

လှမင်းထွဋ်(ပြန်/ဆက်)

## မိုးနဲမြို့နယ် ပဒုမ္မာလမ်း တိုးချဲ့ကတ္တရာခင်းခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု ကြည့်ရှုစစ်ဆေး

မိုးနဲ ဇူလိုင် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်နောင်ကျော့ရပ်ကွက်ရှိ ပဒုမ္မာလမ်းအား လမ်းသားချဲ့ထွင်ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းဘေး ဝဲ/ယာ ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကို မိုးနဲမြို့နယ် စည်ပင်သာယာရေး ဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း များ ရာနှုန်းပြည့် ပြီးစီးနေမှုကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိ သူများက ယနေ့နံနက် ၁၀ နာရီ တွင် ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။



အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေများအနက် လမ်းဘေး ဝဲ/ ယာ နှစ်ပေစီတိုးချဲ့ခြင်း၊ လမ်း အရှည်ပေ ၃၀၀ ၊အကျယ် ၁၆ ပေ၊ ဒ သုံးလက်မ တိုးချဲ့ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း (ကျပ် ၇ ဒသမ ၂သန်း)ဖြင့် လည်းကောင်း၊ လမ်းဘေး ဝဲ/ယာ ရေနုတ်မြောင်း အရှည်ပေ ၃၀၀ စီ၊ အကျယ် နှစ်ပေ၊ အနက်နှစ်ပေ တူးဖော်ခြင်း (ကျပ် ၇ ဒသမ ၄ သန်း)ဖြင့် လည်းကောင်း မြို့နယ် စည်ပင် သာယာရေးဌာနက တာဝန် ယူဆောင်ရွက်ခဲ့ကြောင်း သိရ သည်။ **ဝိုးတောင်း**

## ခန္တီးမြို့၌ အမျိုးသား အသက် (၁၆)နှစ်အောက် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပ

ခန္တီး ဇူလိုင် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီး မြို့၌ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီး ဌာနတို့ပူးပေါင်း၍ ၂၀၂၂ ခုနှစ် ခန္တီးမြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ (ဖလား) အမျိုးသား အသက်(၁၆) နှစ်အောက် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၂ ရက် မှစတင်၍ ခန္တီးမြို့ပြည်သူ့ အားကစားကွင်းအတွင်း ကျင်းပ ခဲ့ကြောင်း သိရသည်။

အဆိုပါ အသက် ၁၆ နှစ် အောက်ကျောင်းပေါင်းစုံ ဘောလုံး ပြိုင်ပွဲသို့ ခန္တီးမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ အသင်း၆သင်းဖြင့် ပတ်လည် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဗိုလ်လု ပွဲကို ဇူလိုင် ၂၆ ရက် ညနေ ၃ နာရီတွင် ယှဉ်ပြိုင်ကစားသွား မည်ဖြစ်ကြောင်း သိရသည်။

**ယွန်း(မုံရွာကိုယ်ပွား)**

■



**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲဝင် မြန်မာနိုင်ငံတက္ကသိုလ်အားကစားအဖွဲ့အား ပို့ဆောင်နှုတ်ဆက်

**ရန်ကုန် ဇူလိုင် ၂၅**

ထိုင်းနိုင်ငံ အွန်ဘွန်ရက်ချဌာနီ၌ ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပမည့် အကြိမ်(၂၀) မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကစားမည့် မြန်မာနိုင်ငံ တက္ကသိုလ် အားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အားကစားနှင့် ကာယပညာသိပ္ပံမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီးအားပေးစကား ပြောကြားကာ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကိုယ်စားပေးအပ်**

ထိုသို့ပို့ဆောင်ရာတွင် ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အားကစားသမားတစ်ဦးချင်းစီနှင့် နည်းပြအုပ်ချုပ်သူများအား ချီးမြှင့်အားပေးသော နိုင်ငံခြားသုံးငွေများကို အားကစားအဖွဲ့ခေါင်းဆောင်များအား ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ကိုယ်စားပေးအပ်ကြကာ နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ကြရန်နှင့် တက္ကသိုလ်အားကစား၏ မြင့်မားသောသမိုင်းအမွေကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကြိုးစားကြရန် တိုက်တွန်းမှာကြား အားပေးစကားများပြောကြား၍ အားကစားအဖွဲ့နှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး အားကစားသမားများအား တစ်ဦးချင်းနှုတ်ဆက်သည်။



**ပထမအသုတ်**

ယနေ့ ပထမအသုတ်ထွက်ခွာသည့် မြန်မာနိုင်ငံ တက္ကသိုလ်အားကစားအဖွဲ့တွင် ပါမောက္ခချုပ် ဒေါက်တာကြည့်ရှင်ဦးဆောင်သော မြားပစ် အားကစားအဖွဲ့၊ ပါမောက္ခချုပ်ဒေါက်တာချစ်စိန် ဦးဆောင်သော ဘောလုံးအားကစားအဖွဲ့နည်းပြများနှင့် အားကစားသမားစုစုပေါင်း ၃၄ ဦး လိုက်ပါသွားကြသည်။

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံတက္ကသိုလ် အားကစားအဖွဲ့များအနေဖြင့် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ မြားပစ်နှင့် ဝူရှူးအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လှိုင်းဘွဲမြို့နယ် ရေဘုတ်ရေလှောင်တမံနှင့် ဘားအံစက်မှုဇုန်အနီးရှိ လျှိုပိတ်တမံများအား ကြည့်ရှုစစ်ဆေး

**ဘားအံ ဇူလိုင် ၂၅**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ်ရေလှောင်တမံနှင့် ဘားအံစက်မှုဇုန်အနီးရှိ မိဖ လျှိုပိတ်တမံများအား သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

**ရှင်းလင်းတင်ပြ**

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ရေဘုတ်ရေလှောင်တမံ ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးသန်းဦးက ရေလှောင်တမံပြင်ဆင်ထိန်းသိမ်းဆောင်ရွက်နေသည့် အခြေအနေ၊ တမံအတွင်းရေဝင်ရောက်မှုအခြေအနေ၊ စိုက်ပျိုးရေဖြန့်ဝေပေးနေမှုအခြေအနေ၊ သမ္ဘာန်ကျေးရွာနှင့် နောင်သင့်ကျေးရွာအနီး ဆောင်ရွက်မည့် ငါးမွေးမြူရေးကန်များအား ရေသွင်း၊ ရေထုတ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေဘုတ်ရေလှောင်တမံ၏ ပင်မတမံ၊ ရေထုတ်ပြွန်၊ ရေပိုလွှဲ၊ အကူရေပိုလွှဲနှင့် အရေးပေါ်ရေပိုလွှဲတို့အား ကြည့်ရှုစစ်ဆေးပြီး ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ပေါက်ပွားနိုင်ရန်အတွက် ရေလှောင်တမံ၏ရေဝေရေလဲဧရိယာတွင် သစ်ပင်များစိုက်ပျိုးကြရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံစက်မှုဇုန်အနီးရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မိဖလျှိုပိတ်တမံ အမှတ် (၃)၊ (၁)၊ (၄)၊ (၂) တို့တွင် လက်ရှိရေသိုလှောင်နိုင်သည့်ပမာဏထက် ပိုမိုကျော်လွန် သိုလှောင်ထားနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မြေပြင်ကွင်းဆင်းတိုင်းတာ၍ စီမံချက်ရေးဆွဲပြန်လည်တင်ပြပေးကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

# ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**မုံရွာ ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၆/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးကို ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့တိုင်းဒေသကြီးအတွင်း လာရောက်လည်ပတ် တည်းခိုနေထိုင်ကြမည့် ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ ဘေးကင်းလုံခြုံစွာဖြင့် စိတ်ချမ်းမြေ့ပျော်ရွှင်စွာ သွားရောက်လည်ပတ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း သွားလာလည်ပတ်စရာ ခရီးစဉ်နေရာများကို ပြည်တွင်း/ပြည်ပခရီးသွားများ စိတ်လက်အပန်းဖြေ လာချင်စဖွယ်ဖြစ်အောင် သန့်ရှင်းသပ်ရပ်မှုနှင့် ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်လာရေး၊ ခရီးသွားများယုံကြည်စိတ်ချစွာ တည်းခိုနေထိုင်ရေးတို့အတွက် နယ်မြေဒေသအခြေအနေအရ ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများအနေဖြင့် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။



**အကြံပြုဆွေးနွေး**

ယင်းနောက် တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးမြင့်စိန်၊ အစည်းအဝေးသို့ တက်ရောက်လာသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ဟိုတယ်လုပ်ငန်းများရှင်များက စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ နှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြချက်များ အပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၂ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ခရီးသွားဇုန် ခြောက်ဇုန်တွင် ဧည့်သည်ဝင်ရောက်မှုအနေဖြင့် ပြည်တွင်းခရီးသည် ၁၆၂၆၈ ဦး၊ ပြည်ပခရီးသည် ၃၄၈ ဦး စုစုပေါင်း ၁၆၆၁၆ ဦး လာရောက်လည်ပတ်ခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဟိုတယ်/တည်းခိုရိပ်သာ အလုံး ၆၀ အား အသိမှတ်ပြုလက်မှတ်များ ထုတ်ပေးထားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းက ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေ သုံးစီးဖြင့် နှာခေါင်းစည်း ၁၃ ဒသမ ၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပတ်ဝန်းကျင်တစ်ခွင် အလှဆင်ဖို့ သစ်ပင်စိုက်ကြပါစို့

မယ်ထွေးလေး

ကမ္ဘာမြေကြီးပေါ်တွင် မှီတင်းနေထိုင်ကြသော လူ၊ ကျေးငှက်တိရစ္ဆာန်နှင့် သစ်တောသစ်ပင်များသည် ခွဲခြားမရနိုင်သော လက်တွဲဖော်များဖြစ်ကြသည်။ ထိုသူအားလုံးတို့သည် ကမ္ဘာမြေ၏ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နေကြသည့် သယံဇာတအရင်းအမြစ်များပင်ဖြစ်ကြသည်။ ကမ္ဘာ့ရာသီဥတု ညီညွတ်မျှတမှုသည် သစ်တောသစ်ပင်များပေါက်ရောက်မှုနှင့် ရေရှည်ထိန်းသိမ်းမှုအပေါ်တွင် မူတည်နေပါသည်။ သစ်ပင်များ ပြုန်းတီးမှုများပြားလာပါက ကမ္ဘာ့ရာသီဥတုကို ထိခိုက်နိုင်ပေသည်။

ရာသီဥတုဖောက်ပြန်မှုကို ဟန့်တားရာတွင် သစ်တောသစ်ပင်များသည် အဓိကကျသော အခန်းကဏ္ဍက ပါဝင်နေကြပါသည်။ "ဥတုရာသီ၊ တောကိုမှီ" ဆိုသကဲ့သို့ သစ်တောသစ်ပင်များသည် ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိပေးခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ပေးခြင်း၊ ရေနှင့်လေသန့်စင်လုပ်ငန်းများ၊ မြေတိုက်စားမှု၊ မြေပြိုမှုများမှ ကာကွယ်ခြင်း ၊ ဝတ်မှုန်ကူးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝစေခြင်း၊ မြေဆီမြေနှစ် အဆင့်ဆင့်ဖြစ်ပေါ်စေခြင်းစသည့် ဝန်ဆောင်မှုများကို အကျိုးပြုလုပ်ဆောင်ပေးလျက်ရှိပါသည်။

## ကမ္ဘာ့မြေဧရိယာ၏ ၅၀ ရာခိုင်နှုန်း

ကမ္ဘာပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ကမ္ဘာ့မြေဧရိယာ၏ ၅၀ ရာခိုင်နှုန်းသည် သစ်တောများဖြစ်ကြသည်။ ယခုအခါ သစ်တောများသည် ကမ္ဘာ့မြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းအောက် ကျဆင်းသွားပြီဖြစ်ကြောင်း၊ မှတ်တမ်းများအရ သိရပါသည်။ ထိုသို့ သစ်တောများပြုန်းတီးရခြင်းမှာ ကမ္ဘာ့လူဦးရေ တိုးတက်လာခြင်းကြောင့် လူသားတို့အတွက် လိုအပ်သည့် စားနပ်ရိက္ခာလိုအပ်ချက်များကို သစ်ပင်များမှ ထုတ်ယူသုံးစွဲခြင်း၊ သစ်တောများကို လယ်ယာစိုက်ပျိုးမြေများအဖြစ် ပြောင်းလဲလုပ်ကိုင်ခြင်း၊ တရားမဝင်သစ်ထုတ်လုပ်ခြင်း၊ ခုတ်လှဲထုတ်ယူမှု နည်းစနစ်မမှန်ခြင်း၊ တောမီးလောင်ကျွမ်းခြင်းတို့ကြောင့်ဖြစ်သည်။

သစ်တောသစ်ပင်များ ယုတ်လျော့ပျက်စီး ပြုန်းတီးလာခြင်းသည် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုအတွက် အဓိကတွန်းအားပေးနေသည့် အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ ယနေ့ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာများမှာလည်း ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ပင်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး၊ ကပ်ဘေးရောဂါအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပေသည်။ "အရင်းစစ်တော့ အမြစ်မြေ"ဆိုသလို ခေတ်မီသိပ္ပံနှင့် စက်မှုပညာများ တိုးတက်ထွန်းကားလာမှုများနှင့်အတူ သစ်တောသစ်ပင်များသည် ကုန်ကြမ်းပစ္စည်းများအဖြစ် ထုတ်လုပ်အသုံးပြုခြင်းခံရသောကြောင့် သစ်တောများပြုန်းတီးလာကာ အဘက်ဘက်မှဆိုးကျိုးများဖြစ်ပေါ်လာရသည်။ ထိုမှတစ်ဆင့် လူသားတို့၏ နေရေး၊ စားရေး၊ ကျန်းမာရေး၊ အသက်ရှင်နေထိုင်ရေးတို့သည် ဆင့်ကဲဆင့်ကဲ ထိပါးဆုံးရှုံးလာရပေတော့သည်။

ထိုသို့သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန်နှင့် ပြန်လည်ကုစားရန် အရိုးရှင်းဆုံးသောနည်းလမ်းမှာ သဘာဝကိုအခြေခံပြီး ပြဿနာများကို ဖြေရှင်းခြင်း၊ တစ်နည်းအားဖြင့် သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းကာကွယ်ခြင်းပင် ဖြစ်ပေသည်။ သဘာဝတောများနှင့် သစ်တောများ၊ သစ်တောစိုက်ခင်းများသည် သစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက်သာမက ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြေရှင်းနိုင်ရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောသစ်ပင်များ ပြုန်းတီးမှုကိုကာကွယ်ပေးနိုင်ရေးအတွက် ကမ္ဘာအရပ်ရပ်ရှိ ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးက ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ် သတ်မှတ်ခဲ့သည်။



ကုလသမဂ္ဂသစ်တောညီလာခံက

- ကမ္ဘာတစ်ဝန်း သစ်တောဖုံးလွှမ်းမှု လျော့နည်းခြင်းကို တားဆီးရန်အတွက် ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ပျိုးခြင်း၊ သစ်တောပြုန်းတီးမှုတားဆီးရန် ကြိုးပမ်းမှုများပါဝင်သည့် ရေရှည်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်မှုစနစ်ဖြင့် ဆောင်ရွက်ရန်။
- သစ်တောများကို အမှီပြုနေကြသည့် လူတို့၏လူနေမှုအဆင့်အတန်း မြင့်မားရေးဆောင်ရွက်ရန်အတွက် သစ်တောအခြေခံစီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးခံစားခွင့်များ တိုးမြှင့်ဆောင်ရွက်ရန်။
- ရေရှည်တည်တံ့စေသည့် စီမံအုပ်ချုပ်မှုရရှိသော သစ်တောများ၏ ဧရိယာကို သိသိသာသာ တိုးမြှင့်လာစေရန်အတွက် ၎င်းသစ်တောများမှထုတ်လုပ်သော သစ်တောထွက်ပစ္စည်းအမျိုးအစားများပြားလာစေရေး ဆောင်ရွက်ရန်။
- ရေရှည်တည်တံ့စေသည့် စီမံအုပ်ချုပ်မှုအတွက် တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့များ လျော့နည်းလာမှုကို တားဆီးရန်နှင့်အသစ်၊အပိုဆောင်းဘဏ္ဍာငွေအရင်းအမြစ်များ တိုးမြှင့်လာရေးစသည့် ရည်ရွယ်ချက်(၄)ရပ် ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ တောတွင်းရှိ ဆေးဖက်ဝင်အပင်များ မျိုးမသုဉ်းစေရန်အတွက်လည်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့က လှုံ့ဆော်လျက်ရှိပါသည်။

## သစ်တောဧရိယာ ဟက်တာသန်း ၃၅၀ တည်ထောင်ခြင်းလုပ်ငန်း

ယနေ့အချိန်အခါသည် သဘာဝအခြေခံဖြေရှင်းသည့်နည်းလမ်း (Nature Based Solutions) သည် ထူးကဲသော အခွင့်အလမ်းတစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အရှိန်မြှင့်တင် ဆောင်ရွက်ရန် ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ကာလကို ကုလသမဂ္ဂဂေဟစနစ်ပြန်လည်ထူထောင်ရေး ဆယ်စုနှစ်(UN Decade of Ecosystem Restoration 2021–2030 )ဟု သတ်မှတ်ထားသည့် ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်လည်ထူထောင်ရေးအတွက် လက်ရှိအကောင်အထည်ဖော်နေသော "ဘွန်း"စိန်ခေါ်မှု(Bonn Challenge) နယူးယောက်သစ်တောများဆိုင်ရာ ကြေညာစာတမ်း (New York Declaration for Forests) ၏ ရည်မှန်းချက်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှု လုံးဝမရှိစေရေးနှင့် တောနိမ့်တောပျက်များတွင် သစ်တောဧရိယာ ဟက်တာ သန်း ၃၅၀ တည်ထောင်ခြင်းလုပ်ငန်းတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ထိုသို့ကမ္ဘာနှင့်တစ်ဝန်း သစ်တောသစ်ပင်များအတွက် အထူးကြိုးပမ်းလုပ်ဆောင်နေချိန်တွင် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ သစ်တောနှင့် တောရိုင်းတိရစ္ဆာန်များ ရေရှည်တည်တံ့စေရန်အတွက် သစ်တောဥပဒေကို ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်း၍ သစ်တောကြိုးဝိုင်းများကို သတ်မှတ်ပေးခဲ့သည်။

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကို ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် သစ်တောကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ထင်းအစား အခြားလောင်စာသုံးစွဲခြင်း၊ ဒေသခံပြည်သူ အစုပိုင်သစ်တောစိုက်ခင်းများ ထူထောင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်စေရန်ဆောင်ရွက်ခြင်း၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများ ပပျောက်ရေးစီမံချက်များချမှတ်ခြင်း၊ လူထုပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြင့် ပါဝင်ပူးပေါင်းလျက်ရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကို ၁၉၉၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း၊ ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်းနှင့် သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းစသည့် နိုင်ငံတကာအဖွဲ့အစည်းများ၌ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံအဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။

စာမျက်နှာ ၁၁ သို့ ❂

- ❖ **သစ်တောသစ်ပင်များ ယုတ်လျော့ပျက်စီး ပြုန်းတီးလာခြင်းသည် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုအတွက် အဓိကတွန်းအားပေးနေသည့် အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ ယနေ့ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာများမှာလည်း ရာသီဥတုပြောင်းလဲ ဖောက်ပြန်ခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ပင်ဖြစ်**
- ❖ **မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အလေးအနက်ထားဆောင်ရွက်နေသည့်နိုင်ငံဖြစ်ပြီး သစ်တောစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းနှင့် ဒီရေတောစိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးနေသကဲ့သို့ သဘာဝတောနှင့် သဘာဝဒီရေတောများ ထိန်းသိမ်းကာကွယ်ရန် သဘာဝနယ်မြေများကိုလည်း ထိန်းသိမ်းကာကွယ်လျက်ရှိပါသည်။ အပူပိုင်းဒေသ၊ ပဲခူးရိုးမနှင့် အင်းလေးကန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို နှစ်ရှည်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

# မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း(အထူး) အမှတ်စဉ်(၂) ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၅**

မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း (အထူး) (Course on Fire Safety Management for Government Officials) အမှတ်စဉ် (၂) ကို ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်း၌ ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်ရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ တက်ရောက်၍ သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။




သင်တန်းကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၂ ရက်အထိ ရက်သတ္တသုံးပတ်ကြာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်း သင်တန်းသားသင်တန်းသူ ၅၃ ဦးအား မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အပါအဝင် မီးလောင်မှုအခြေခံသဘောတရားများ၊ မီးအတန်းအစားခွဲခြားခြင်းနှင့် အတန်းအစားအလိုက် မီးငြိမ်းသတ်ခြင်းများ၊ အခြေခံမီးငြိမ်းသတ်နည်း စနစ်များ၊ မီး၊ ရေနှင့်အပူတို့၏ အခြေခံသဘောတရားများ၊ မီးဘေးလုံခြုံရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေး စီမံချက် (Emergency Response Plan) ရေးဆွဲခြင်းများ၊ ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းအတန်းအစား ခွဲခြားခြင်းများ၊ ရုံး/လုပ်ငန်းခွင် မီးဘေးလုံခြုံရေးများ၊ ကျေးလက်/ မြို့ပြ မီးဘေးလုံခြုံရေးများ၊ အလိုအလျောက် မီးငြိမ်းသတ်ရေးစနစ်များ၊ အရေးပေါ်လူနာတင်ယာဉ် ဝန်ဆောင်မှုလုပ်ငန်းများ၊ မီးသတ်စက်လေးလေ့ကျင့်ခန်းများ စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး မီးသတ်ယာဉ် / စက်ယန္တရားများဖြင့် သရုပ်ပြခြင်းများကို မီးသတ်ဦးစီးဌာနရှိ အရာရှိကြီးများက သင်ကြား ပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းကို ပြည်ထောင်စု ဝန်ကြီးဌာနရုံးများနှင့် ဌာနဆိုင်ရာ ရုံး/ အဆောက်အအုံများ မီးဘေးလုံခြုံမှုရှိစေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ကြီးမားသည့် အနှောင့်အယှက် အဟန့်အတားဖြစ်သော မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော် မီးဘေးကာကွယ်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထုအတွင်း မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်နိုင်ဝင်း**

---

❂ စာမျက်နှာ ၁၀ မှ

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အလေးအနက်ထားဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပြီး သစ်တောစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းနှင့် ဒီရေတော စိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးနေသကဲ့သို့ သဘာဝတောနှင့် သဘာဝဒီရေတောများ ထိန်းသိမ်းကာကွယ်ရန် သဘာဝနယ်မြေများကိုလည်း ထိန်းသိမ်းကာကွယ်လျက်ရှိပါသည်။ အပူပိုင်းဒေသ၊ ပဲခူးရိုးမနှင့် အင်းလေးကန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို နှစ်ရှည်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မိုးရာသီရောက်ပြီဆိုသည်နှင့် မြန်မာပြည်တစ်ဝန်း စိမ်းလန်းစိုပြည်စေဖို့ သစ်တောသမား ဥယျာဉ်မှူးကြီးများသာမက မြန်မာပြည်သူပြည်သားတစ်ဦးချင်း၊ တစ်ယောက်ချင်းမကျန် ကျေးရွာအလိုက် အဖွဲ့အစည်းများ၊ အစိုးရနှင့် အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများ မိုးရာသီလူထုလှုပ်ရှားမှုအနေဖြင့် အင်တိုက်အားတိုက် သစ်ပင်များ ခြိမ့်ခြိမ့်သဲ စိုက်ပျိုးကြသည်။ သစ်ပင်စိုက်ပျိုးခြင်းကြောင့်ရရှိနိုင်သော အကျိုးကျေးဇူးများမှာ များပြားလှပါသည်။ အရိပ်ရသောသစ်ပင်ကို စိုက်ပျိုးခြင်းဖြင့် လူ၊ တိရစ္ဆာန်တို့အတွက် နားခိုရာဖြစ်ပေါ်စေပါသည်။ သီးပင်စားပင်များမှ အာဟာရကိုဖြစ်စေပြီး လှပသောရောင်စုံပန်းခင်းများက လောကကြီးကို အလှဆင်နိုင်သကဲ့သို့ လူသားတို့၏စိတ်ကို ကြည်လင်လန်းဆန်းစေပါသည်။

### သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်း

သစ်တောသစ်ပင်များမှ ငွေကြေးနှင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအထောက်အပံ့များစွာကိုလည်း ရရှိစေနိုင်ပါသည်။ မြတ်စွာဘုရား ညွှန်ပြဆုံးမထားသည်တွင် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းသည် “ထာဝရ ကုသိုလ်ပြုခြင်းလည်းမည်၏” “အာရာမရောပဒါန၊ ဝနရောပါဒါန” ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ်များ စိုက်ပျိုးလှူဒါန်းခြင်း၊ အရိပ်ရအပင်၊ စားသုံးပင်စသော သစ်ပင်ကြီးငယ်တို့ကို စိုက်ပျိုးလှူဒါန်းခြင်းသည် ဇရပ်၊ တန်ဆောင်း၊ ဂူကျောင်း၊ ပြာသာဒ်နှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသောကုသိုလ်အကျိုးထူးကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း ဟောကြားတော်မူခဲ့သည်။ “ခဏပျော်ချင် အိမ်ထောင်ပြု၊ တစ်သက်ပျော်ချင် သစ်ပင်စိုက်”ဟူသော ဆိုစကားကဲ့သို့ ရေရှည်အကျိုး စီးပွားဖြစ်ထွန်းနိုင်သည့် သစ်ပင်ပန်းမန်တို့ကို စိုက်ပျိုးကြရမည်ဖြစ်သည်။ ထိုသို့ စိုက်ပျိုးခြင်းဖြင့် ရှေးပဝေသဏီက ဘိုးဘွားများ ပြုစုပျိုးထောင်စိုက်ပျိုးပေးခဲ့သည့် ကျေးဇူးတရားကို အသိအမှတ်ပြုရာရောက်မည့်အပြင် နောင်လာနောက်သား မျိုးဆက်သစ်များအတွက်လည်း သီးပင်စားပင်၊ အရိပ်ရအပင်များကို လက်ဆင့်ကမ်းအမွေအနှစ်အဖြစ် ထားခဲ့နိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် ကမ္ဘာကြီး ပြန်လည်စိမ်းလန်းပြီး အေးချမ်းသာယာစေရန် လူသားအကျိုးကို ပေးစွမ်းနိုင်သည့် သစ်တောသစ်ပင်များကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါစို့ဟု အကြံပြုတိုက်တွန်းလိုက်ရပါတော့သည်။ ။

---

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ပူးပေါင်းပြီး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက အထက (၁) စိန်ရတုခန်းမ၌ ကျင်းပသည်။

မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်လေးနွယ်က လူငယ်နှင့် ခေါင်းဆောင်မှု ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး အထက (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသစ်ထံ အားကစားပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ဟောပြောပွဲသို့ အထက (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသစ်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ တက်ရောက်ခဲ့ကြောင်း၊ အခမ်းအနားသို့ တက်ရောက်လာသူများအား မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက အားကစားဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရမ်း (ပြန်/ဆက်)**

---

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြင်းခြံခရိုင် ပညာရေးမှူး ဦးအုန်းလှိုင်က အမှာစကား ပြောကြားပြီး မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က လူငယ်နှင့် ခေါင်းဆောင်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မျိုးအောင်က ကျောင်းသား ကျောင်းသူ လူငယ်များ အားကစားပြုလုပ်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများအကြောင်းကို လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။

**မြင်းခြံခရိုင် (ပြန်/ဆက်)**

---

**မြဝတီ**

ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၅)ရပ်ကွက်မှ ဓမ္မစကူးကျောင်းသား ကျောင်းသူများအား လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်းက ကျောင်းစာသင်ယူမှုအပြင် ဘက်စုံထူးချွန်သည့်လူငယ်များ ဖြစ်စေလိုကြောင်း၊ စာပေဗဟုသုတများတွင် လူငယ်များအတွက် လေ့လာသင်ယူရမည့်အခွင့်အလမ်းကောင်းများစွာရှိကြောင်း၊ ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်၏ တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ရမည့် လူတော်လူကောင်းများ ဖြစ်စေလိုကြောင်း၊ လူငယ်များအတွက် ပညာရေးသည် အဓိကဖြစ်သည့်အတွက် ငယ်ရွယ်စဉ်မှစ၍ ပညာကြိုးစားသင်ယူလိုကြောင်း၊ ပညာရေးကဏ္ဍအပြင် စာရိတ္တကောင်းမွန်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေးကောင်းမွန်ရေး၊ မိမိတိုင်းပြည်နှင့် လူမျိုးအပေါ် မျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်စေရေးတို့နှင့်စပ်လျဉ်း၍ ဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

---

# ရန်ကုန်-ပြည် မီးရထားစီးပြည်သူများအား ကူညီဆောင်ရွက်ပေး

**သဲကုန်း ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် ဇူလိုင် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇီးကုန်းအုပ်စုရှိ ရထားလမ်းမိုင်တိုင်အမှတ် (၁၄၃/၁၃-၈) အကြားရှိ တံတားအမှတ် (၄၃၃) ရေတိုက်စားပြီး ရန်ကုန်-ပြည် ရထားခရီးစဉ်အချို့ရပ်နားထားခဲ့ကာ အမှတ်(၆၃) အဆန် ရန်ကုန်-ပြည် စာပို့ရထားတစ်စင်းသာ ပြေးဆွဲခဲ့ပြီး သဲကုန်းဘူတာအထိသာ ပြေးဆွဲနိုင်ခဲ့သည်။

ထို့ကြောင့် ပြည်ဘက်မှ ထွက်ခွာလာသော (၆၃) အဆန်စာပို့ရထားမှ ခရီးသည်များနှင့် (၆၄) အစုန်စာပို့ရထားမှခရီးသည်များအား ရထားလမ်းရေကျော်နေရာ၌ ယနေ့ နံနက် ၉ နာရီတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အင်းမတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာ့မီးရထား ဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပြအင်ဂျင်နီယာအဖွဲ့များနှင့် ဒေသခံပြည်သူများက ရထားကူးပြောင်းပေး၍ ပြည်ဘက်သို့လည်းကောင်း၊ သဲကုန်းဘူတာမှ နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရန်ကုန်ဘက်သို့လည်းကောင်း ရထားဆက်လက်ထွက်ခွာ၍ ခရီးသွားပြည်သူများ လိုရာခရီးကို ဆက်လက်သွားရောက်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လမ်းပြုပြင်ရေးလုပ်ငန်းများကို မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ သဲကုန်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများအနက် အရေးပါသည့် ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရန် လိုအပ်သည့်အခြေအနေများ

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါအား ကူးစက်မြန်ရောဂါအဖြစ် စတင်သတ်မှတ်သည့်အချိန်မှစ၍ ရောဂါကာကွယ်ရေးအတွက် ပြည်သူများအား ပါးစပ်နှင့်နှာခေါင်းစည်း (Mask) မဖြစ်မနေတပ်ဆင်ရန် အစဉ်တိုက်တွန်းနှိုးဆော်လျက်ရှိပါသည်။

၂။ ပြည်သူလူထုအနေဖြင့် နေ့စဉ်ပုံမှန်ဘဝ၌ ကျင့်သုံးလိုက်နာဆောင်ရွက်နေရသော ကိုဗစ်–၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများအနက် အောက်ပါအခြေအနေများတွင် ပါးစပ်နှင့်နှာခေါင်းစည်းအား မဖြစ်မနေတပ်ဆင်ရန်လိုအပ်ကြောင်း အသိပေးအပ်ပါသည်–

(က) အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊

(ခ) အများပြည်သူအသုံးပြုသော မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ်စသည့် ယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူထုထပ်သောနေရာများ၌ လူအများနှင့်အတူရှိနေခြင်း၊

(ဂ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက် မအီမသာဖြစ်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည့် ကိုဗစ်–၁၉ ရောဂါ သံသယလက္ခဏာတစ်ခုခုရှိခြင်း။

ကျန်းမာရေးဝန်ကြီးဌာန
(၂၅–၇–၂၀၂၂)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၃၃၆ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၃၃၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၀၀,၅၇၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၉၆၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၈၂၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၇၄) ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၅၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၉၂) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၈၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၃၀) ခု | (၉)ဦး |
| စုစုပေါင်း | (၆,၃၃၆) ခု | (၁၅)ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၂၁၉၄၈၉၂ | ၈၇၄၃၂၁၈၄ | ၁၀၅၁၉၉၆ |
| ၂။ | အိန္ဒိယ | ၄၃၉၀၅၆၂၁ | ၄၃၂၂၈၆၇၀ | ၅၂၆၀၇၄ |
| ၃။ | ဘရာဇီး | ၃၃၅၉၁၃၅၆ | ၃၁၉၅၄၀၉၄ | ၆၇၇၀၂၁ |
| ၄။ | ပြင်သစ် | ၃၃၅၃၂၂၆၂ | ၃၁၃၀၀၈၂၃ | ၁၅၁၃၅၀ |
| ၅။ | ဂျာမနီ | ၃၀၃၃၁၁၃၁ | ၂၈၃၇၂၇၀၀ | ၁၄၃၁၇၇ |
| ၆။ | ဗြိတိန် | ၂၃၂၁၂၅၆၅ | ၂၂၅၁၆၉၉၀ | ၁၈၂၇၂၇ |
| ၇။ | အီတလီ | ၂၀၆၆၀၀၆၅ | ၁၉၀၅၉၃၂၅ | ၁၇၀၈၇၅ |
| ၈။ | တောင်ကိုရီးယား | ၁၉၂၄၇၄၉၆ | ၁၈၄၂၆၉၈၉ | ၂၄၈၉၀ |
| ၉။ | ရုရှား | ၁၈၅၃၈၈၂၆ | ၁၇၉၄၂၉၀၈ | ၃၈၂၁၈၉ |
| ၁၀။ | တူကီယဲ | ၁၅၅၂၄၀၇၁ | ၁၅၂၂၁၅၀၆ | ၉၉၁၈၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၆၈၈၄၄ | ၉၈၆၆၉၆၈ | ၄၃၀၉၂ |
| ၂။ | အင်ဒိုနီးရှား | ၆၁၇၂၃၉၀ | ၅၉၇၅၀၁၁ | ၁၅၆၉၁၆ |
| ၃။ | မလေးရှား | ၄၆၅၁၆၅၁ | ၄၅၆၇၄၈၅ | ၃၅၉၁၄ |
| ၄။ | ထိုင်း | ၄၅၇၇၅၉၃ | ၄၅၂၂၄၁၉ | ၃၁၁၉၂ |
| ၅။ | ဖိလစ်ပိုင် | ၃၇၅၅၄၀၃ | ၃၆၆၇၀၈၄ | ၆၀၆၉၄ |
| ၆။ | စင်ကာပူ | ၁၆၅၉၁၅၆ | ၁၅၆၁၄၈၅ | ၁၄၇၆ |
| ၇။ | မြန်မာ | ၆၁၃၉၆၆ | ၅၉၂၈၂၃ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၈၁၅ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၉၅၁၁၃ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၆၁၂ | ၁၃၃၄၀၈ | ၃၀၅၆ |

# ဓာတ်ငွေ့ပိုက်လိုင်းပျက်စီးမှုကြောင့် အယ်လ်ဂျီးရီးယားနိုင်ငံက စပိန်နိုင်ငံသို့ ဓာတ်ငွေ့ထောက်ပံ့မှု ယာယီရပ်ဆိုင်း

**အယ်လ်ဂျီးယား ဇူလိုင် ၂၅**

စပိန်နိုင်ငံဘက်ခြမ်း၌ ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ဓာတ်ငွေ့ပိုက်လိုင်း ပျက်စီးမှုကြောင့် အယ်လ်ဂျီးရီးယားနိုင်ငံက စပိန်နိုင်ငံသို့ ဓာတ်ငွေ့ထောက်ပံ့မှုကို ယာယီရပ်ဆိုင်းခဲ့ကြောင်း အယ်လ်ဂျီးရီးယားနိုင်ငံပိုင် ကုမ္ပဏီ Sonatrach က ကြေညာခဲ့သည်။

စပိန်နိုင်ငံမှ နည်းပညာအဖွဲ့များသည် လိုအပ်သည့် ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းများကို လုပ်ဆောင်နေပြီဖြစ်သောကြောင့် အယ်လ်ဂျီးရီးယားနိုင်ငံက စပိန်နိုင်ငံသို့ ဓာတ်ငွေ့ထောက်ပံ့မှုကို တတ်နိုင်သမျှ မြန်မြန်ပြန်လည်စတင်နိုင်တော့မည်ဖြစ်ကြောင်း အယ်လ်ဂျီးရီးယား နိုင်ငံပိုင် ကုမ္ပဏီ Sonatrach ၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

**ဆက်သွယ်ထား**

Medgaz အမည်ရှိ အဆိုပါ ဓာတ်ငွေ့ပိုက်လိုင်းသည် ကီလိုမီတာ ၂၁၀ အရှည်ရှိပြီး မြေထဲပင်လယ်ကို ဖြတ်ကျော်ကာ အယ်လ်ဂျီးရီးယားနိုင်ငံ ဘီနီဆက်ဖ် ဓာတ်ငွေ့စက်ရုံမှ စပိန်နိုင်ငံရှိ အယ်လ်မီရီယာဆိပ်ကမ်းသို့ ဆက်သွယ်ထားကြောင်း သိရသည်။

အဆိုပါ ဓာတ်ငွေ့ပိုက်လိုင်းသည် နှစ်စဉ် ဓာတ်ငွေ့ကုဗမီတာ စုစုပေါင်း ရှစ်ဘီလီယံ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**



# သီရိလင်္ကာနိုင်ငံ၌ လောင်စာဆီပြတ်လပ်မှုကြောင့်ပိတ်ထားခဲ့သည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**ကိုလံဘို ဇူလိုင် ၂၅**

သီရိလင်္ကာ နိုင်ငံသည် လောင်စာဆီပြတ်လပ်မှုကြောင့် တစ်လနီးပါးကြာ ပိတ်ထားခဲ့သည့် နိုင်ငံပိုင် စာသင်ကျောင်းများနှင့် နိုင်ငံတော်က ခွင့်ပြုပေးထားသည့် ပုဂ္ဂလိက စာသင်ကျောင်းများကို ဇူလိုင် ၂၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဖွင့်လှစ်ခဲ့သော်လည်း စာသင်ကျောင်းများကို တစ်ပတ်လျှင် သုံးရက်(တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး)ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ကျောင်းဖွင့်ရက် နှစ်ရက်ကို အွန်လိုင်းမှ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။



ထို့ပြင် သီရိလင်္ကာနိုင်ငံ ပညာရေး ဝန်ကြီးဌာနသည် စာသင်နှစ် ပထမနှစ်ဝက်ကို စက်တင်ဘာ ၇ ရက်အထိ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်းလည်း သိရသည်။ ယင်းသို့ စာသင်နှစ် ပထမနှစ်ဝက်ကို တိုးမြှင့်သတ်မှတ်ခဲ့သော်လည်း အဆိုပါ စာသင်နှစ် ပထမနှစ်ဝက် ကုန်ဆုံးချိန်တွင် စာမေးပွဲစစ်ဆေးခြင်း ပြုလုပ်မည် မဟုတ်ဘဲ အကဲဖြတ်မှုပုံစံဖြင့်သာ စာမေးပွဲရလဒ်ကို ဆုံးဖြတ်ရန် ကျောင်းအုပ်များအား ညွှန်ကြားထားကြောင်း သိရသည်။

သီရိလင်္ကာ အစိုးရကလည်း နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် စာသင်ကျောင်းများအား စက်သုံးဆီများ ထောက်ပံ့ပေးရန် တာဝန်ရှိသူများကို ညွှန်ကြားထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၀၀၀ ကျော် ထပ်မံတွေ့ရှိ

**ဆိုးလ် ဇူလိုင် ၂၅**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၈၈၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၉၂၄၇၄၉၆ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၃၄၃ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများမှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၄၈၉၀ ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၈၆၆ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၂၅**

အိန္ဒိယနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၈၆၆ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၄၃၈၈၈၇၅၅ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါ ဖြင့်သေဆုံးသူပေါင်း ၅၂၆၀၃၃ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ စုစုပေါင်း ၁၅၀၈၇၇ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၈၁၄၈ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၃၂၁၈၆၇၀ ရှိကြောင်း အိန္ဒိယ ကျန်းမာရေး ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အစီအစဉ်အောက်တွင် ယနေ့နံနက်ပိုင်းအထိ ကာလအတွင်း ကာကွယ်ဆေးအလုံးရေ ၂၀၂၇၆၆၆၁၅ လုံး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# တရုတ်နိုင်ငံရှိ အဝေးပြေးလမ်းကွန်ရက် လူဦးရေ ၉၀ ရာခိုင်နှုန်းကို လွှမ်းခြုံ

**ပေကျင်း ဇူလိုင် ၂၅**

တရုတ်နိုင်ငံသည် အမျိုးသားအဝေးပြေးလမ်းကွန်ရက် တည်ဆောက်ရာတွင် လုပ်ငန်းများအောင်မြင်မှုရရှိနေပြီး ၎င်းအဝေးပြေးလမ်းမများသည် လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကို လွှမ်းခြုံလျက်ရှိကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

**အကျိုးပြုနေ**

နိုင်ငံအတွင်းရှိ အဝေးပြေးလမ်းမကွန်ရက်သည် မြို့ပေါင်း ၉၈ ဒသမ ၈ ရာခိုင်နှုန်းအား လွှမ်းခြုံနိုင်ပြီး ကျေးလက်ရှိနိုင်ငံသား နှစ်သိန်းကျော်ကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။ နိုင်ငံအတွင်း အမျိုးသား အဝေးပြေးလမ်းမ ကီလိုမီတာ ၁၁၇၀၀၀ ကို ၂၀၂၁ ခုနှစ်အတွင်း ဖောက်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၃၅ ခုနှစ်တွင် နိုင်ငံအတွင်း အမျိုးသား အဝေးပြေးလမ်းမ ကီလိုမီတာ ၄၆၁၀၀၀ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ခေတ်မီအဝေးပြေးလမ်းမကြီးများ တည်ဆောက်နိုင်ရန်အတွက် မြို့များကို လွှမ်းခြုံနိုင်သည့် လမ်းကွန်ရက်များ တည်ဆောက်နိုင်ရန် လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် နိုင်ငံအတွင်း အဝေးပြေးလမ်းမများတည်ဆောက်ရာတွင် စွမ်းအင်သုံးစွဲခြင်းနှင့် ကာဗွန်ထုတ်လုပ်ခြင်းကို ထိရောက်စွာ လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# အစ္စရေးနိုင်ငံက ဂျော်ဒန်မြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည်

**ဂျေရုဆလင် ဇူလိုင် ၂၅**

အစ္စရေးနိုင်ငံသည် ဂျော်ဒန်မြစ်တောင်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်အရ အစ္စရေးနိုင်ငံနယ်မြေအတွင်းရှိ ဂျော်ဒန်မြစ်အတွင်းမှ ဆားငန်ရေများကို သန့်စင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်း အစ္စရေးသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြောသည်။

ဂျော်ဒန်မြစ်တောင်ဘက်ပိုင်းအား ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်းသည် အစ္စရေးနှင့် ဂျော်ဒန် နှစ်နိုင်ငံစလုံးအတွက်အရေးပါသည့်အတွက် ဆောင်ရွက်သွားရမည့် လုပ်ငန်းဖြစ်ကြောင်း သိရသည်။ အစ္စရေးနိုင်ငံအတွင်းရှိ ဂျော်ဒန်မြစ်အတွင်းမှ ရေများသန့်စင်ရေး ဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းကိုလည်း တိုးတက်စေမည်ဖြစ်ကြောင်းနှင့် အဆိုပါမြစ်အတွင်းသို့ နှစ်စဉ် ဆားငန်ရေ ကုဗမီတာ သန်း ၇၀ ခန့်ဝင်ရောက်လေ့ရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သစ်ကြီးတောကျေးရွာနေ ဇော်မျိုးထွဋ်သည် ၎င်းအသုံးပြုသည့် “Zaw Myo Htut” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ အောင်ခန့်သည် ၎င်းအသုံးပြုသည့် “Aung Khant” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်အပိုပစ္စည်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ ဓာတုကုန်ကြမ်းပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် ကားတာယာများ (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၁၀၀၀၀၀)ကို လည်းကောင်း၊ ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန် ကြေညာလွှာ(ID)တွင် ကြေညာထားသည့် အမျိုးအစားနှင့် ကွဲလွဲတင်ဆောင်လာသော Poly Aluminium Chloride အိတ် ၁၂၀၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Dongfeng အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၉၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်း၌ တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမှ ရန်ကုန်သို့ ထွက်ခွာလာသော ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော လျှပ်စစ်ထမင်းပေါင်းအိုးအလုံး ၇၂၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၃၂၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၄၅၃၂၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ကျွန်းမြို့နယ်အတွင်း တရားမဝင်ကျွန်းခွဲသား တန် ၇၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၂၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင်ကျွန်းသစ်နှင့် သစ်မာ ၂ ဒသမ ၁၈၀၄ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၆၇၂၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၀၄၉၅၂၂၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

■


မောင်သန်း(ခ) သန်းဝေနှင့် စည်သူဟန် (ခ) စည်သူတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မြိတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၅**

မြိတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက် ည ၉ နာရီတွင် မြိတ်မြို့ ရေပုန်းရပ်ကွက် အဏ္ဏဝါကွက်သစ် လမ်းထိပ်တွင် စည်သူဟန်(ခ)စည်သူ ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၉ နာရီခွဲတွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာ အောင်သုခလမ်း၌ မောင်သန်း(ခ)သန်းဝေ အား စိတ်ကြွရူးသွပ် ဆေးပြား ၁၆၀၀၀ နှင့်အတူလည်းကောင်း။

အလားတူ ဇူလိုင် ၂၄ ရက် နံနက် ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရွှေဒူးကျေးရွာ မြိတ်-တနင်္သာရီသွား ကားလမ်းတွင် အောင်ဇော်ထွေး(ခ)နောင်လုံး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ “PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်ခဲ့သည့်အတွက် မုံရွာ-မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတွင် ပါလာသော အပြစ်မဲ့ပြည်သူနှစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရသည့်ဖြစ်စဉ်” ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “ စလင်းမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ဆရာ ဆရာမများအား ခြိမ်းခြောက်၍ မော်တော်ဆိုင်ကယ်များကို လုယက်ယူဆောင်ခဲ့သည့်ဖြစ်စဉ်”နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၈၀၉၈၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၅**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

**နေပြည်တော် ဇူလိုင် ၂၅**

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းမိုလ်(ခ) ဘိုဘို(CDM၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များအပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမ များသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**✳ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကန့်ကြီးထောင့်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဇူလိုင် ၂၅**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့်အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၃ နာရီခန့်တွင် ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် ကျူတန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများက အဆိုပါကျောင်းဝင်းအတွင်းသို့ ဝင်ရောက်၍ မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ခန့်ရှိ RC တစ်ထပ်တိုက် စာသင်ခန်းအတွင်းရှိ စာရွက်စာတမ်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**

**■ ပြည်ကြီးတံခွန်မြို့နယ်မှ**

ရောက်ရှိလာပြီး ရွှေဆိုင်အတွင်းသို့ ဝင်ရောက်၍သေနတ်ဖြင့် သုံးချက်ခန့်ပစ်ခတ်ခြိမ်းခြောက်ကာ ရွှေဆိုင်အရောင်းကောင်တာအတွင်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ ၁၀၅ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၆၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၂၆၅ သိန်းခန့်အား လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများ၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဆိုင်အတွင်းရှိနေသည့် ရွှေဆိုင်လုံခြုံရေးဝန်ထမ်းဖြစ်သူ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်နေ ဦးဖြိုးမင်းစိုး(၃၇)နှစ် (ဘ) ဦးခင်မောင်စိုးတွင် ဝဲခြေဖမိုးကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်ရရှိခဲ့ပြီး အခင်းဖြစ်နေရာအနီးမှ G.F.L Auto 380 ကျည်ခွံ သုံးခု တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ရွှေဆိုင်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများနှင့် ငွေများ လုယက်ယူဆောင်သွားခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# စိုက်ပျိုးရေးဦးစီးဌာန ဘိန်းအစားထိုး ဖွံ့ဖြိုးရေးခြံ(နားလီ)၌ သီးနှံစိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများ လေ့လာကြည့်ရှုအားပေး

**လောက်ကိုင် ဇူလိုင် ၂၅**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဘိန်းအစားထိုး ဖွံ့ဖြိုးရေးခြံ(နားလီ)၌ စိုက်ပျိုးထားသည့် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက် ၁၁ နာရီက သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့သွားရောက်လေ့လာရာတွင် စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးမင်းစိုးတို့က နေကြာမျိုးသန့်စံပြကွက်စိုက်ခင်း သုံးဧက၊ နေကြာမျိုးစေ့ထုတ်စိုက်ခင်း နှစ်ဧက၊ ပဲပုပ်/ နေကြာသီးညှပ်စံပြကွက် တစ်ဧက၊ ပဲပုပ်(ရေဆင်း-၁၂) မျိုးသန့်စံပြကွက် ငါးဧက၊ နှမ်း(ဆင်းရတနာ-၄) မျိုးသန့်စံပြကွက် တစ်ဧက၊ ယာစပါး မျိုး လေးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် သုည ဒသမ ၀၄ ဧက၊ ပဲတီစိမ်းမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် သုည ဒသမ ၀၄ ဧက စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများက သီးနှံစိုက်ခင်းများ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**ရွှေစင်ဖြိုး(ပြန်/ဆက်)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၆၉၀ | ၁၇၃၅ | ၁၇၃၀ | ၁၆၉၅ | ၁၇၃၅ | ၁၇၅၅ | ၁၇၄၀ | ၁၇၂၀ | ၁၈၁၅ | ၁၈၃၀ | ၁၇၂၅ | ၁၇၃၅ | ၁၇၇၀ | ၁၇၇၀ | ၁၇၇၅ | ၁၉၉၀ | ၂၅၆၀ |
| 95 Ron | ၁၇၃၀ | ၁၇၇၅ | ၁၇၇၅ | ၁၇၃၅ | ၁၇၇၅ | ၁၇၉၅ | ၁၇၈၀ | ၁၇၆၀ | ၁၈၅၅ | ၁၈၇၀ | ၁၇၆၅ | ၁၇၈၅ | ၁၈၁၀ | ၁၈၁၀ | ၁၈၁၅ | ၂၀၃၅ | ၂၆၁၅ |
| HSD (500 ppm) | ၁၉၉၀ | ၂၀၃၅ | ၂၀၃၀ | ၁၉၉၅ | ၂၀၃၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၂၀ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၅ | ၂၂၉၀ | ၂၈၄၅ |
| HSD (50 ppm) | ၂၀၄၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၁၀ | ၂၀၇၅ | ၂၁၉၀ | ၂၁၈၅ | ၂၀၈၅ | ၂၀၉၅ | ၂၁၂၅ | ၂၁၃၀ | ၂၁၃၀ | ၂၃၅၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၀၄၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၁၀ | ၂၀၇၅ | ၂၁၉၀ | ၂၁၈၅ | ၂၀၈၅ | ၂၀၉၅ | ၂၁၂၅ | ၂၁၃၀ | ၂၁၃၀ | ၂၃၅၀ | ၂၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၅၉၉ | ၁၆၆၅ |
| 95 Ron | ၁၆၃၉ | ၁၇၀၅ |
| HSD (500 ppm) | ၁၈၉၁ | ၁၉၅၈ |
| HSD (50 ppm) | ၁၉၄၆ | ၂၀၁၄ |
| HSD (10 ppm) | ၁၉၄၆ | ၂၀၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကျွန်းစုမြို့နယ်သမဝါယမအသင်းစု နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ကျွန်းစု ဇူလိုင် ၂၅

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက်တို့အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက်ရှိ ကျွန်းစုမြို့နယ် သမဝါယမအသင်းစုရုံးခွဲ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဖွဲ့စည်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်မှ ကိုယ်စားလှယ်များ၊ ကျွန်းစုမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်ကော်မတီအဖွဲ့ဝင်များနှင့် အခြေခံသမဝါယမအသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ထို့နောက် ကျွန်းစုမြို့နယ် သမဝါယမအသင်းစုက အခြေခံသမဝါယမအသင်း ၅၀ မှ အစုအရှယ်အတွက် ၂၆၀ အား အစုပေါ်အမြတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သမဝါယမအသင်းစုများ အချင်းချင်းချိတ်ဆက်၍ ဆန်များ ဖြန့်ဖြူးရောင်းချ

ပူတာအို ဇူလိုင် ၂၅

ကချင်ပြည်နယ် အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် မိုးကောင်းမြို့နယ် ပင်းကျိုင်းကျေးရွာရှိ အောင်ဇမ္ဗူစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းရှိ အသင်းသားပိုင်ဆန်စက်မှ ထွက်ရှိသည့်ဆန်များကို မိုးကောင်းနှင့် ပူတာအိုမြို့နယ် သမဝါယမအသင်းစုတို့ အချင်းချင်း ချိတ်ဆက်၍ ပူတာအိုမြို့နယ် သမဝါယမအသင်းစု၏ ဒေသထွက်ကုန် စံပြအရောင်းဆိုင်တွင် ရောင်းချရန်အတွက် ဆင်းဇကရီ (၃) ဆန်အိတ် ၄၀ ကိုလည်းကောင်း၊ မြို့နယ်အတွင်းရှိ သမဝါယမအသင်းသားပြည်သူများ ဝယ်ယူနိုင်ရန်အတွက် ငွေတိုးဆန်အိတ် ၅၀ ကိုလည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❍ **အာဆီယံ ယူ-၁၈မှ**

မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် အုပ်စုပထမပွဲတွင် အမှားအယွင်းမရှိ အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ ကစားခဲ့ရခြင်းမရှိသဖြင့် ယခုပွဲမှာ ပထမဆုံး နိုင်ငံတကာပွဲဖြစ်ခဲ့ပြီး အနည်းငယ်ရုန်းကန်ခဲ့ရသော်လည်း မလေးရှားအသင်းကို အနိုင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၈ အမျိုးသမီးအသင်း၏ ပွဲထွက်လူစာရင်းတွင် မေဦးခင် (ဂိုး)၊ မေသက်မွန်မြင့်၊ ကြယ်စင်၊ ရွှန်းလဲ့နိုင်၊ ဖြူဖြူဝင်း၊ ဝေဖူးအိမ်၊ ဟေမာန်စိုး၊ နန်းချိုမွှေး၊ ဝေနှင်းဖြိုး၊ ယဉ်လွန်းအိမ်၊ ဇင်မိုးပြည့်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမဆုံးနိုင်ငံတကာပွဲဖြစ်သောကြောင့် မြန်မာကစားသမားအများစုမှာ ပထမပိုင်းတွင် ရုန်းကန်ခဲ့ရပြီး ဂိုးမသွင်းယူနိုင်ခဲ့ပေ။ မိနစ် ၆၀ တွင် မြန်မာအသင်း ဂိုးစတင်ရရှိခဲ့ပြီး ဆုမြတ်နိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံပိုကောင်းလာပြီး အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၈၂ မိနစ်တွင် မေသက်မွန်မြင့်က သွင်းယူပေးခဲ့သည်။

အုပ်စု (ခ) အခြားပွဲတွင် ဩစတြေးလျအသင်းက ဖိလစ်ပိုင်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၂၇ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-FAM**



## တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် ဇူလိုင် ၂၅

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

သူ၏အမေးကို တရားသူကြီး မကြား။ အခြား အသံဗလံတို့အကြားတွင် နစ်မြုပ်ပျောက်ကွယ်သွားသည်။ အမေးကို တရားသူကြီးကိုယ်စား ဦးခင်မောင်ညွန့်က ဖြေသည်။

“ညီမ ဘာအပြစ်မှမရဘူး၊ အမှုက ကွင်းလုံးကျွတ်လွတ်ပြီ။ လွတ်ပြီ ကျွတ်ပြီပေါ့။ ညီမ ဝမ်းမသာဘူးလားဟင်”

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မယုံကြည်နိုင်သလိုရှိသည်။ အံ့သြနေသည်။

“သူ့ကို ကျွန်မသတ်လိုက်တာပါ။ ကျွန်မလက်နဲ့ သတ်လိုက်တာပါ”

ဒေါ်ရေနံ့သာခင်ခင်ကြီး အော်ပြောသည်။ ဤသည်ကိုလည်း အနီးအပါးမှလူတို့မှအပ အခြားသူတို့ မကြားနိုင်။ တရားသူကြီးမင်းသည် ရုံးခန်းကို ကျောပေးသွားပြီ။ လာလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားပြီ။

ဦးခင်မောင်ညွန့်တို့လူသိုက်သည် မှင်တက်မိနေကြသည်။ စိုးရိမ်မကင်း ဖြစ်သွားကြသည်။

“ညီမရဲ့စိတ်ကို အေးအေးထားပါ။ တည်တည်ငြိမ်ငြိမ်ထားပါ”

ဗိုလ်မှူးညိုထွန်းက နားအနီးသို့ တိုးကပ်သတိပေးသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာမှာ ကြေကွဲဟန်၊ ဝမ်းနည်းဟန်များ ပေါ်ပေါက်လာသည်။ မကျေနပ်နိုင်သလို ရွတ်ဆိုနေသည်။

“အနည်းဆုံး ကျွန်မကို သေဒဏ်လောက်တော့ပေးခဲ့ဖို့ ကောင်းပါတယ်ရှင်”

သူ၏အသံမှာ ဆို့ဆို့နင့်နင့် ဖြစ်နေသည်။

ဒေါ်ဝင်းရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။ လူအုပ်အကြားမှ တိုးထွက်ရန် ကြိုးစားသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးကို လူတို့အလယ်မှ ဆွဲထုတ်လာခဲ့သည်။ ဝန်းရံနေသောသူတို့ကို တွန်းဖယ်ရသည်။

“အိမ်ကို ပြန်ကြပါစို့၊ ညီမ ပင်ပန်းလှပါပြီကွယ်။ နားဖို့ကောင်းနေပါပြီ”

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဒေါ်ဝင်းရီခေါ်ဆောင်ရာနောက်သို့ ပါလာသည်။ ဒရိုင်ဘာသည် ကားကို ရုံးပေါက်ဝ၌ အသင့်ရပ်ထားပေးသည်။ တံခါးကို အသင့်ဖွင့်ထားပေးသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးကို ကား၏နောက်ခုံတန်း ဒေါ်ဝင်းရီနှင့် ဦးခင်မောင်ညွန့်တို့အလယ်မှာ ထိုင်စေသည်။ ဗိုလ်မှူးညိုထွန်းသည် ကား၏ ရှေ့ခုံတန်းမှာ ထိုင်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးအား သယ်ဆောင်သွားသည့်ကား ရုံးရှေ့မှ ထွက်ခွာလာသည်။ ကားကို လူတို့ မျက်စိတစ်ဆုံး မျှော်ကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

ရုံးခန်းမှာ ပြန်လည်တိတ်ဆိတ် ငြိမ်သက်သွားပြန်လေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ကားတံခါးပေါက်မှနေ၍ ပြင်ပရှုခင်းများကို မမှိတ်မသုန်စိုက်ကြည့်နေသည်။

မျက်တောင်မခတ်တမ်း ကြည့်နေသည်။

သူ၏ အမြင်တွင် အရာအားလုံး သစ်ဆန်းလျက်ရှိသည်ဟု ထင်သည်။ ယခင်က တွေ့ဖူး မြင်ဖူးခဲ့သည်နှင့် ခြားနားနေသလို ဖြစ်သည်။ လမ်းကြီး လမ်းငယ် အသွယ်သွယ်တို့သည် လည်းကောင်း၊ တိုက်တာအိမ်ခြေအမျိုးမျိုးတို့သည် လည်းကောင်း၊ သစ်ပင်တို့သည် လည်းကောင်း၊ လူတို့သည် လည်းကောင်း အပြောင်းအလွဲဖြစ်နေသည်ဟု ထင်ရသည်။

သုံးနှစ်နီးပါး အချိန်ကာလသည် အရာရာကို ပြောင်းလွဲပစ်လိုက်လေသည်လား မသိ။

ယခုတော့လည်း အိပ်ပျော်ရာမှ လန့်နိုးရသူလို ဖြစ်သည်။ အဖြစ်အပျက်အားလုံးတို့သည် စိတ်အစဉ်၌ ထင်ဟပ်နေလေသော အိပ်မက်နယ်ဖြစ်သည်။ ကြောက်စမပြေ လက်စမ်းချေမှ အထွေအဆန်း အိပ်မက်မှန်း သိရသလိုရှိသည်။

ယခုလို အခြေအနေဖြင့် မြင်ရတော့လည်း ကမ္ဘာလောကကြီးမှာ ကျယ်ပြန့်လှသည်။ လွတ်လပ်လှသည်။ လူတွေ၊ ကားတွေ လှုပ်လှုပ်ရွရွ ရှိလွန်းလှသည်။ ပျားပန်းခပ်မျှ သွားလာနေကြသည်။ အသံဗလံတို့ ဆူညံနေသည်။

သူ့အဖို့ ယင်းအတွေ့အထိ၊ သည်အငွေ့အသက်တို့သည် သူစိမ်းဆန်နေသယောင် ထင်ရသည်။ တောမှကလေးတစ်ယောက် မြို့သို့ရောက်လာသည့်အခါ အရာရာတိုင်းကို တအံ့တသြ ငေးမောကြည့်မိသည်သို့ ရှိသည်။

ကားအတွင်း၌ ပါလာကြသူအားလုံးပင် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အရိပ်အကဲကို စောင့်ကြည့်နေကြသည်။ စကားမပြောဖြစ်ကြ၍ တိတ်ဆိတ်နေသည်။

ကားသည် ပြည်လမ်းမအတိုင်း မောင်းနှင်လာသည်။

ယင်းအချိန်တွင် ဗိုလ်မှူးညိုထွန်းသည် လက်မှနာရီကို တကြည့်ကြည့်ဖြစ်နေသည်။ သူ၏မျက်နှာမှာ တစ်စုံတစ်ရာအတွက် အလောတကြီးရှိရဟန် ပေါ်ပေါက်နေသည်။

အဆုံးတွင် သူသည် စိတ်စောရမှုကို ထိန်းချုပ်ထားခြင်းငှာ မစွမ်းသာတော့သလို ဖွင့်ပြောသည်။

“ကိုယ်တို့ မီမှမီနိုင်ပါ့မလား မသိဘူး”

သည်တွင် ဦးခင်မောင်ညွန့်သည်လည်းကောင်း၊ ဒေါ်ဝင်းရီသည်လည်းကောင်း လက်မှနာရီကို အသီးသီး ငုံ့ကြည့်ဖြစ်ကြသည်။

“မီလိမ့်မယ်ထင်တယ်။ ဒါပေမဲ့ စိတ်ချရအောင် မြန်မြန်မောင်းကွာ”

ဦးခင်မောင်ညွန့် ဆိုသည်။

ကား၏အရှိန်သည် သိသိသာသာ မြင့်တက်လာသည်။ ရေနံ့သာနှင့်နီးလာပြီဖြစ်ကြောင်း သိရသည်။ အင်းလျားလေးစခန်းကို လှမ်း၍မြင်လာရလေပြီ။ ရင်ထဲမှာ နွေးလာသည်။

ရေနံ့သာသည် မိမိအား ကြိုလင့်နေပြီထင်သည်။ အေးချမ်းသာယာသောအဆင်းကို ဆောင်တတ်သော ရေနံ့သာ၊ ချမ်းမြေ့ကြည်နူးမှုကို ပေးစွမ်းတတ်သော ရေနံ့သာ၊ နှစ်အတန်ကြာမျှ ကွဲကွာနေခဲ့ရသော ရေနံ့သာ။ မည်သို့ဆိုစေ ရေနံ့သာသည် မိမိအား လှိုက်လှဲပျူငှာစွာ ဆီးကြိုလိမ့်မည် ထင်ပါသည်။

ဗိုလ်မှူးညိုထွန်းသည် ၎င်းတို့စီးနင်းလာသော ကားရှေ့မှ ခံနေသည့် ကားများကိုကြည့်ကာ စိတ်အနှောင့်အယှက် ဖြစ်နေရသည်။ လက်မှနာရီကို အခါခါ ငုံ့ကြည့်သည်။

“ခုနစ်မိနစ်ပဲ ကျန်တော့တယ်။ အချိန်မီရောက်ပါ့မလား” မေးသည်။ သူသည် ကား၏အရှိန်ကို ကျေနပ်နိုင်သေးပုံမပေါ်။

ရေနံ့သာနှင့် နီးကပ်လာသည့်တိုင် ဒရိုင်ဘာသည် ကားရှိန်ကို လျှော့မချပစ်ခဲ့။ ရေနံ့သာရှေ့သို့ ကားရောက်လာသည်။ ဒရိုင်ဘာသည် ကားကို ချိုးကွေ့ခြင်းမပြုခဲ့။ ရေနံ့သာကို ဖြတ်ကျော်မောင်းနှင်လိုက်သည်။

“ဘယ်သွားကြမှာလဲ ဟင်၊ ခင်ကြီးကို ဘယ်အထိခေါ်သွားကြမှာလဲ”

ဒေါ်ရေနံ့သာခင်ခင်ကြီး မေးသည်။ မသိနားမလည်နိုင်သောမျက်နှာထားဖြင့် အခြားသူများ၏ မျက်နှာကို လိုက်ကြည့်သည်။

ဗိုလ်မှူးညိုထွန်း၊ ဦးခင်မောင်ညွန့်နှင့် ဒေါ်ဝင်းရီတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ တစ်ယောက်၏အကြံကို တစ်ယောက်က တောင်းခံဟန်ရှိသည်။

အတော်ချည်းကြာမှ ဗိုလ်မှူးညိုထွန်းက ပြုံးလိုက်သည်။ အဖြေပေးလိုက်သည်။

“မင်္ဂလာဒုံကိုပါ၊ လေဆိပ်ကိုပါ”

“အဲဒီကို ခင်ကြီးက ဘာသွားလုပ်ရမှာလဲဟင်”

သည်တွင်လည်း သူတို့ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကြပြန်သေးသည်။

“ဒီကနေ့ နွယ်နွယ်ထွန်း ပြန်ရောက်မယ့်နေ့၊ တို့များ နွယ်နွယ်ထွန်းကို သွားကြိုကြမလို့လေ”

“နွယ်နွယ်ထွန်း”

ဒေါ်ရေနံ့သာခင်ခင်ကြီး ယင်းအမည်ကို ပဲ့တင်ထပ်လိုက်သည်။ စိတ်၌ သိမှတ်မိခြင်းမရှိသော အမည်။ မကြားဖူးသောအမည်ကို ကြားရသည့်နှယ် တွေတွေဝေဝေ ဖြစ်သွားသည်။

“သူ့ကို ဘာလို့ ခင်ကြီးက သွားကြိုရမှာလဲ အစ်ကိုထွန်း”

ဗိုလ်မှူးထွန်းသည် ပြုံးလိုက်ပြန်ပါသည်။ “အစကတော့ ညီမ ရုတ်တရက် အံ့အားသင့်သွားအောင် ဒီအကြောင်း လျှို့ဝှက်ထားမလို့ပဲ။ မပြောဘူးလို့ပဲ။ ဒါပေမဲ့ ညီမ ကြိုပြီးဝမ်းသာနေရအောင် ပြောပါတော့မယ်။ နောက်ကိုလှည့်ကြည့်လိုက်စမ်း ညီမ”

ဒေါ်ရေနံ့သာခင်ခင်ကြီး နောက်သို့ လှည့်ကြည့်လိုက်သည်။ မိမိတို့ ကားနောက်မှ ကပ်၍လိုက်ပါလာသောကားကို မြင်ရသည်။ ကားမှာ ဗော့ဝက်ဂင်။ အဖြူရောင်။ နန်းကိန္နရီ စီးလေ့ရှိသည့်ကား။

ကားထဲမှာ နန်းကိန္နရီ၊ မျိုးထွန်းသိန်းနှင့် အခြားအသက်ကြီးကြီး တစ်စုံတွဲကို မြင်ရသည်။

“ဘာသဘောလဲ အစ်ကိုထွန်းရယ်”

ဒေါ်ရေနံ့သာခင်ခင်ကြီး မတွေးတတ်သလို ညည်းသည်။

“ကိုယ်တို့အားလုံး နွယ်နွယ်ထွန်းကို လေဆိပ်မှာ သွားကြိုကြမယ်။ ဒီကနေ့ နွယ်နွယ်ထွန်း သူ့မိခင်တိုင်းပြည်ကို ပြန်လာမယ့်နေ့။ နွယ်နွယ်ထွန်းဟာ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက နိုင်ငံခြားကို သွားရတယ်။ အမေရိကန်ကို ရောက်နေတယ်။ ဆေးပညာ သွားသင်တာ။ ဒီက ဒေါက်တာဘွဲ့ ရခဲ့တယ်။ ဟိုမှာ သားဖွားဘက်ဆိုင်ရာ ဆေးပညာတွေ သွားသင်တာ။ သူဟာ ဦးကျော်ထွန်း၊ ဒေါ်နွယ်နွယ်တို့ရဲ့ သမီးပေါ့၊ သူတို့ရဲ့ မွေးစားသမီးပေါ့။ သူတို့ဟာ ဒီကလေးကို ဂျပန်ခေတ်တုန်းက မွေးစားခဲ့တာ။ စလင်းမှာ ဒီကလေးကို တွေ့ခဲ့တာ။ ဦးမောင်ကလေးနဲ့ ဒေါ်ရွှေသစ်ဆိုတဲ့ ပွဲစားလင်မယားဆီကတစ်ဆင့် ဒီကလေးကို ရခဲ့တာလို့သိရတယ်။ ဒီအတိုင်း အစ်ကိုထွန်းတို့ စုံစမ်းလို့ ရတယ်”

ဒေါ်ရေနံ့သာခင်ခင်ကြီး၏မျက်နှာတွင် အပြောင်းအလဲများစွာ ဖြစ်သွားသည်။ အတုန်တုန် အလှုပ်လှုပ် ဖြစ်သွားရခြင်း အရိပ်အသွင်များ လွှမ်းလာသည်။ သူ၏ နှုတ်ခမ်းတို့လည်း တဆတ်ဆတ် တုန်လာသည်။ တရွရွ လှုပ်လာသည်။

“ပွဲစား ဦးမောင်ကလေး၊ ဒေါ်ရွှေသစ်တို့ဆီကဟုတ်လား”

ဒေါ်ရေနံ့သာခင်ခင်ကြီး အတန်ကြာမျှ တွေသွားသည်။ ပြီးမှ -

“ဒါ၊ ဒါဖြင့် နွယ်နွယ်ထွန်းဟာ ခင်ကြီးရဲ့သမီး မဟုတ်လားဟင်၊ ပျောက်ဆုံးခဲ့ရတဲ့ ကလေးမဟုတ်လားဟင်”

စကားသံသည် အသည်းနှလုံးမှ ထွက်လာသည်သို့ ရှိသည်။ ဝမ်းသာမှုအဟုန်ကြောင့် တုန်နေသည်။

“ဒါပေါ့ သူဟာ ညီမရဲ့ သမီး၊ သမီးမှ သမီးအရင်း၊ အစစ်အမှန်”

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ကားအတွင်းရှိ လူအားလုံးတို့၏ မျက်နှာများကို လိုက်ကြည့်သည်။

**ဆက်လက်ဖော်ပြပါမည်။**

“ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ကားတံခါးပေါက်မှနေ၍ ပြင်ပရှုခင်းများကို မမှိတ်မသုန် စိုက်ကြည့်နေသည်။ မျက်တောင်မခတ်တမ်း ကြည့်နေသည်။ သူ၏အမြင်တွင် အရာအားလုံး သစ်ဆန်းလျက်ရှိသည်ဟု ထင်သည်။ ယခင်က တွေ့ဖူး မြင်ဖူးခဲ့သည်နှင့် ခြားနားနေသလို ဖြစ်သည်။ လမ်းကြီး လမ်းငယ် အသွယ်သွယ်တို့သည် လည်းကောင်း၊ တိုက်တာအိမ်ခြေ အမျိုးမျိုးတို့သည် လည်းကောင်း၊ သစ်ပင်တို့သည် လည်းကောင်း၊ လူတို့သည် လည်းကောင်း အပြောင်းအလွဲဖြစ်နေသည်ဟု ထင်ရသည်။ သုံးနှစ်နီးပါး အချိန်ကာလသည် အရာရာကို ပြောင်းလွဲပစ်လိုက်လေသည်လား . . .”

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# တက်လူကလေးများ

**ပီမိုးနင်း**

နိုင်ငံရေးလုပ်မည့်သူတို့မှာ အောက်ပါမေးခွန်းများဖြင့် မိမိကိုယ်ကို မေးကြည့်စမ်းပါ။

အမျိုးသားရေး၏ တိုးတက်ခြင်း၊ လွတ်မြောက်ခြင်းသည် နိုင်ငံရေးတစ်ဖက်သတ်ဖြင့် မဖြစ်နိုင်။ အခြားအလုပ်များလည်း လိုလေသည်။

နိုင်ငံရေးအလုပ်ကို လုပ်သူတို့သည် ထိုအချက်ကို အထူးသတိမူအပ်ကြလေသည်။ ကျွန်ုပ်တို့ထက် ပညာကြီးကြသည့်အပြင် အဟုတ်တကယ် စွန့်စားရုံမက မိမိတို့၏ကိုယ်ပိုင်ပစ္စည်းများကို စွန့်ပစ်၍လည်းကောင်း၊ မိမိတို့၏ ကြီးပွားလမ်းကို စွန့်လွှတ်၍လည်းကောင်း နိုင်ငံရေးအလုပ်ကိုလုပ်ကြသော အိန္ဒိယတိုင်း ကမ္ဘာကျော်ခေါင်းဆောင်ကြီးများသော်မှ ယခုအခါသို့တိုင်အောင် တစ်စုံတစ်ရာဖြစ်မြောက်အောင်မြင်ကြသည်ဟု မကြားသိရသေးပေ။ မစ္စတာဂန္ဒီကိုယ်တိုင်သော်မှ တစ်စုံတစ်ရာဖြစ်မြောက်အောင် မတတ်နိုင်ခဲ့ပေ။

ထို့ပြင် ၎င်းတို့အထဲတွင် အစစ်အမှန်မဟုတ် တကယ်လွတ်မြောက်ရေးကိုလိုလား၍ တည်ကြည်သောစိတ်ရှိသူ နည်းပါးလေသည်။ အချို့ကား အားကျ၍ လုပ်သူများဖြစ်ကြ၏။ အချို့ကား တိုက်တွန်းသူများကို အားနာ၍ လိုက်ပါကြ၏။ အချို့ကား ဂုဏ်သတင်းနာမည်အတွက် လုပ်၍နေကြ၏။ အချို့ကား အခြားသူများယောင်သဖြင့် ရောယောင်၍နေကြလေသည်။

ဤနည်းမျိုးသည် “အသံကြောင့် ဖားသေ” သော နည်းမျိုးဖြစ်ရာ အသံကျယ်သည်ထက် အလုပ်ထက်ဖို့လိုလေသည်။

နိုင်ငံရေးအလုပ်ကို အဟုတ်တကယ်လုပ်လိုသူတို့သည် မိမိတို့၏စိတ်ကို သေချာစွာစစ်ဆေး၍ ပိုင်နိုင်စွာ ဆုံးဖြတ်ချက်ချသူများ ဖြစ်ရလေသည်။ အဘယ်ပုံ စစ်ဆေး၍ အဘယ်ပုံ ဆုံးဖြတ်ချက်ချပါမည်နည်း။

ငါသည် အမျိုးသားရေးကို တကယ်ချစ်သူ မှန်၏ လော။

လွတ်မြောက်ခြင်းကို တကယ်လိုလားပါသလော။ အဘယ်အတွက် နိုင်ငံရေးအလုပ်ကို လုပ်လိုပါသနည်း။

ဂုဏ်၊ နာမည်ကြောင့်လော။ အားကျ၍လော။

ထောင်ကျလျှင် သူရဲကောင်းနာမည် တွင်လိုသောကြောင့်လော။

အဟုတ်တကယ် စွန့်စားနိုင်မည်လား။ သားမယား၊ မိဘ၊ ဆွေမျိုးဖျက်လျှင် ပျက်မှာလား။

မှန်းခြေမပေါက်လျှင် စိတ်ကိုလျှော့ကာ ထိုင်မှာလား။ အရပ်ရပ်၌ အများလူတို့၏ မြှောက်စားချီးကျူးခြင်း ခံလိုသောစိတ်ကြောင့်လား။

အရိုးကြေကြေ အရေခန်းခန်း သေသည့်တိုင်အောင် ဆောင်ရွက်နိုင်ပါမည်လားဟူသော မေးခွန်းများဖြင့် မိမိကိုယ်ကိုမေးကာ ပိုင်နိုင်စွာ ဆုံးဖြတ်ချက်ကိုချနိုင်မှ ထိုအလုပ်ကို လုပ်သင့်ကြလေသည်။

ထိုကဲ့သို့ ပိုင်နိုင်သောဆုံးဖြတ်ချက်ကို မချနိုင်က အဘယ်အတွက် အချိန်ကို ဖြုန်းသင့်ပါသနည်း။

အဘယ်အတွက် နိုင်ငံရေးကျမ်းများကိုဖတ်ကာ အဖိုးတန်သောအရွယ်ကို ကုန်လွန်စေသင့်ပါသနည်း။

နိုင်ငံရေးကျမ်း၊ ဝါဒကျမ်း၊ ရှေးပညာရှိတို့ရေးသော ထမင်းအစာရဖို့နှင့် မသက်မဆိုင်သော နက်နဲသော ကျမ်းများကိုကိုင်ကာ ခေါင်းဆောင်ဟန်နှင့် ဘဝမြင့်၍ နေသင့်ပါသနည်း။

လွတ်မြောက်ရေးအလုပ်သည် ဤနည်းလမ်းများဖြင့်သာ လုပ်ရသောအလုပ်မဟုတ်။ သူသူငါငါ မိမိကိုယ်ကို ကြီးပွားအောင် ကြိုးစားခြင်း၊ ကြီးပွားသောအခါ အမျိုးသား၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအလုပ်များ၌ အကူအညီပေးခြင်းဖြင့်လည်း လွတ်မြောက်ရေးအလုပ်ကို လုပ်နိုင်ကြလေသည်။

သို့ဖြစ်လေရာ အထက်ဖော်ပြသည့်နည်းအတိုင်း မိမိကိုယ်ကို စစ်ဆေးရာ၌ စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ခြင်းမပြုနိုင်ချေက အချိန်ကို မဖြုန်းဘဲ ငါ၏ကြီးပွားလမ်းသည် အဘယ်မှာရှိပါသနည်း။

ငါကြီးပွားမှ၊ ငါအားကောင်းမှ ငါ၏အမျိုးသားရေးကို ငါကူညီနိုင်မည်။ ငါမြန်မြန်အားကောင်းအောင် ဘာကိုလုပ်ရမည်နည်း။ ဘာကိုကြံရမည်နည်း။ ဘယ်အတတ်၊ ဘယ်ပညာကို သင်ရမည်နည်း။ အဘယ်အရပ်ကို သွားရမည်နည်းဟု ရှာကြံစဉ်းစားကာ ကြီးပွားဖို့၊ ကိုယ်တိုင်အားကောင်းဖို့ အလုပ်ကို လုပ်သင့်ကြလေသည်။

ငယ်ရွယ်သူဟူသမျှ ထိုနည်းဖြင့် ပညာအားသော်လည်းကောင်း၊ အကြံဉာဏ်အားသော်လည်းကောင်း၊ ဥစ္စာပစ္စည်းအားသော်လည်းကောင်း အသီးသီး ကောင်းကြသောအခါ၌ လွတ်မြောက်ရေးအလုပ်မှာ အလိုလိုအားကောင်း၍လာမည်ကား ယုံမှားဖွယ်မရှိပေ။

သို့မဟုတ်မူ၍ ကုလုကွေးလေး အသွေးအကွေး၊ ပေမှေးစွေစောင်း၊ အခေါင်းအပွ၊ ဟန်သာပြ၍၊ ဘာမျှမရှိ နတ္ထိဗလာ၊ ပညာကင်းမဲ့၊ ဥစ္စာနဲ့နှင့်၊ ချိုကျိုးနားပဲ့၊ ခါးနွဲ့မခိုင်၊ ယိုင်တည့်ယိုင်တိုင်၊ ချက်မပိုင်သူတို့၏ အစုအဝေးသည် ဖားလက်တက် တက်တက်မြည်ရင်း ပေါင်စင်း၍သေဖို့ရန် ကြိမ်အဆော်ခံရတတ်လေသည်။

**ဘားမားဂျာနယ်၊ နံပါတ် ၅၁၊ မေလ၊ ၁၉၃၇။**


# ကြီးပွားချမ်းသာနည်းဗျူဟာ

**ထက်ခိုင်**

**တကယ်ဖြစ်ချင်တကယ်လုပ်**

“လူတွေဟာ သူတို့ကိုယ်သူတို့ ထင်တာတွေဖြစ်လာတတ်တယ်။ ဒါကို ငါမလုပ်နိုင်ပါဘူးထင်ရင် မလုပ်နိုင်တော့ပါ။ ဒါကို ငါလုပ်နိုင်တယ်လို့ ယုံကြည်ရင် လုပ်လို့ရပါတယ်။”

**မဟတ္တမဂန္ဒီ(၁၈၆၉–၁၉၄၈)**
**အိန္ဒိယနိုင်ငံလွတ်လပ်ရေးတိုက်ပွဲဝင်ခေါင်းဆောင်**




အောင်မြင်မှုကို တပ်မက်လိုလားသောလူတိုင်းက အောင်မြင်မှုနည်းလမ်းကို ရှာဖွေနေကြသည်ချည်းဖြစ်သည်။ အောင်မြင်ရေးနည်းလမ်းပေါင်းများစွာရှိသော်လည်း မိမိကိုယ်တိုင်၏ အောင်မြင်မှုရရှိလိုသည့် စိတ်အတွေးက အခရာကျလေသည်။

ထိုအောင်မြင်မှုရရှိလိုသည့်အတွေးကို ဦးစွာရှိနေရန်လိုအပ်သည်။ ရရှိသည့်အတွေးကို အကောင်အထည်ဖော်ရာတွင် နည်းလမ်းအမျိုးမျိုး၊ လုပ်ဆောင်မှုအထွေထွေရှိပေသည်။ သို့တိုင် အလွယ်ဆုံးနှင့် အထိရောက်ဆုံး နည်းလမ်း (၁၀) ချက်ကား ရှိနှင့်ပြီးဖြစ်သည်။ ထိုနည်းလမ်းများကို ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အခြေခံအရင်းတည်ကာ လုပ်ဆောင်သွားရုံ၊ ကျင့်ကြံသွားရုံသာ လိုပေသည်။

ယင်းအချက်တို့မှ နံပါတ်တစ်ဖြစ်သော တကယ်ဖြစ်ချင်ရင် တကယ်လုပ်ဆောင်ပါဟူသည်ကား မိမိကိုယ်ကိုလုပ်ဆောင်ရမည့်နည်းနာပင်ဖြစ်သည်။

“တို့မှာ ငုပ်လျှိုးနေတဲ့စွမ်းအားပုန်းတွေ အများကြီးရှိပါတယ်။ လူတိုင်းလူတိုင်းမှာပါ။ ကလေးတွေမှာလည်းရှိကြတာပဲပေါ့။ ဒါကိုသိရမယ်၊ သုံးရမယ်။ ယုံကြည်မှုစွမ်းအားက အခြေခံအကျဆုံးပါပဲ”ဟု အမေရိကန်စိတ်ပညာရှင် ဝီလျှမ်၊ ဂျိမ်းစ်ကရေးသားဖူးသည်။

ထို့ကြောင့် လူတိုင်းလူတိုင်းတွင် ငုပ်လျှိုးနေသည့်စွမ်းအားပုန်းများကို ဖော်ထုတ်သုံးစွဲနိုင်လျှင် များစွာအကျိုးရှိမည်ဖြစ်ရာ အမှန်တကယ်ဖော်ထုတ်သုံးစွဲရန်လိုသည်။

အဆိုပါဖော်ထုတ်နိုင်မှု အတိမ်အနက်ပေါ်မူတည်ကာ အောင်မြင်မှုဟူသည့်အရာက အလိုလိုရောက်ရှိလာမည်ဖြစ်သည်။ အောင်မြင်မှုဟူသမျှကို လူသားတိုင်းက သည်းခြေကြိုက်ကြသည်ဖြစ်သော်လည်း အောင်မြင်သူသည် လောကတစ်ခွင်တွင် များများစားစားရှိသည်မဟုတ်။ အနည်းအကျဉ်းသာ အောင်မြင်မှုသရဖူကို ပိုင်ဆိုင်နိုင်ကြပေသည်။

ယင်းအချက်ကို အမြဲသတိရှိနေရမည်ဖြစ်သည်။

အကြောင်းရင်းမှာ လူတိုင်းလူတိုင်းက အောင်မြင်လိုသည့်ဆန္ဒရှိကြသည် ဖြစ်သော်လည်း အမှန်တကယ်လုပ်ဆောင်ရာတွင် ကြိုးစားမှုစွမ်းအားအားနည်းမှု၊ ဖွဲ၊ လုံ့လ အားနည်းမှုတို့နှင့် ရရှိသည့်အခွင့်အလမ်းကောင်းများကို အမိအရမဖမ်းဆုပ်နိုင်မှုစသည်ဖြင့် မအောင်မြင်ရသည့်သာဓကတို့က များစွာရှိနေပေသည်။

တကယ်အောင်မြင်လိုသူများအတွက် မိမိ၏အနာဂတ်ကိုတန်ဖိုးထားခြင်းအားဖြင့် အောင်မြင်ကြီးပွားချမ်းသာရေးဟူသည် မိမိ၏လုပ်ဆောင်မှု၊ ကြိုးစားမှုတို့ကို စွမ်းဆောင်ရည်မြှင့်တင်စေသည့်စိတ်ကို နှလုံးသွင်းမှုအပေါ် တည်မှီနေသည်။ သို့ဖြစ်သောကြောင့် မိမိကိုယ်တိုင်သာ ကြံဆောင်ကြိုးစားရန်းကန်ကြရမည်ဖြစ်သည်။

“အောင်မြင်ရမယ်။ ဒီအောင်မြင်မှုကို ပိုင်ကိုပိုင်ဆိုင်ရမယ်” ဟူသည့်စာသားကို ကွန်ပျူတာဖြင့်ရေးသားကာ မိမိ၏အိမ်၊ မိမိ၏အိပ်ခန်း၊ မိမိ၏အလုပ်နေရာတို့တွင် ချိတ်ဆွဲထားရန်လိုသည်။ ယင်းစာသားကို အချိန်နှင့်အမျှ မြင်တွေ့နေခြင်းအားဖြင့် မိမိ၏စိတ်ကိုနှိုးဆော်ရာရောက်ပေသည်။

ထိုအတွေးစိတ်တစ်ခုဖြင့်ပင် ကြိုးစားတည်ဆောက်မည်ဆိုပါက မလွဲမသွေ တစ်နေ့မှာ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည်ဖြစ်သည်။

မဆုတ်မနစ်ကြိုးစားမှုကြောင့် ရရှိလာနိုင်သည့် အကျိုးရလဒ်သည် ဘယ်သောအခါမျှအချည်းနှီးမဖြစ်။ သို့ဖြစ်၍ လူသားတိုင်းသည် ကိုယ်ပိုင်လုပ်နိုင်စွမ်းရှိသလောက် လုပ်ရမည်၊ စွမ်းဆောင်ရမည်။ သို့ဆိုလျှင် ရလဒ်များကလည်း အရာထင်လာမည်ဖြစ်သည်။

“လူတွေဟာ သူတို့ကိုယ်သူတို့ ထင်တာတွေဖြစ်လာတတ်တယ်။ ဒါကို ငါမလုပ်နိုင်ပါဘူးထင်ရင် မလုပ်နိုင်တော့ပါ။ ဒါကို ငါလုပ်နိုင်တယ်လို့ ယုံကြည်ရင် လုပ်လို့ရပါတယ်”ဟူ၍ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးတိုက်ပွဲဝင်ခေါင်းဆောင် မဟတ္တမဂန္ဒီက အတိအလင်းပြောထားပြီးဖြစ်ရာ ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာရေးလိုလားသူ လူတိုင်းလူတိုင်းသည် မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ကာ ကျားကုတ်ကျားခဲကြိုးစားကြရမည်လည်း ဖြစ်ပေသည်။

သို့ဖြစ်၍ ယနေ့မျိုးဆက်သစ် လူငယ်မောင်မယ်များအနေဖြင့် ကြီးပွားချမ်းသာနည်းဗျူဟာ၏ အောင်မြင်ရေးသော့ချက်များကို သိရှိလေ့လာမှတ်သားကာ ကျင့်ကြံကြိုးစားလုပ်ဆောင်နိုင်ကြမည်ဆိုလျှင် အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိလာမည်ဖြစ်ပေတော့သည်။ ။

# စွမ်းအားကြီးသူဖြစ်ချင်သလား

မောင်ထူးချွန်



မောင်တို့ မယ်တို့အနေနဲ့ စွမ်းအားကြီးသူဖြစ်နိုင်တဲ့ အခွင့်အလမ်းတွေ များစွာရှိနေပါတယ်။ လူတိုင်းလူတိုင်းကတော့ စွမ်းအားကြီးမားသူ၊ လူရာဝင်သူ ဖြစ်ချင်ကြမှာပါပဲ။

စွမ်းအားကြီးသူဖြစ်နိုင်ဖို့ရာ အဓိကကတော့ မိမိကိုယ်တိုင် သာလျှင်ပဓာနပါပဲ။

မိမိကိုယ်တိုင်လုပ်ဆောင်ရမယ့် အရာပဲဖြစ်တယ်။ စွမ်းအားဆိုတဲ့နေရာမှာ စိတ်စွမ်းအားက အစပထမ အရေးပါတယ်။ စိတ်ကသာ လူကို ဦးဆောင်နိုင်စွမ်းရှိတာဖြစ်လို့ စိတ်စွမ်းအားကို ဦးစွာတည်ဆောက်ယူရမှာဖြစ်တယ်။

ဒါကြောင့် စိတ်ကိုထိန်းချုပ်နိုင်ဖို့ စိတ်လေ့ကျင့်ခန်းများစွာ လုပ်ဆောင်ရပေမပေါ့။ စိတ်ကိုလေ့ကျင့်ပျိုးထောင်ရာမှာ လိုက်နာရမယ့်နည်းလမ်းပေါင်းများစွာ ရှိနေပြီး ရှောင်ကြဉ်ရမယ့်အရာတွေလည်း များစွာရှိနေတယ်။ အလွယ်ကူဆုံးနဲ့ အထိရောက်ဆုံး လူတိုင်းလိုက်နာနိုင်လောက်တဲ့နည်း၊ ရှောင်ကြဉ်နိုင်လောက်တဲ့ နည်းတွေကတော့ ကိုယ်တိုင်လိုက်နာပြုကျင့်ရမယ့် မြန်မာ့နည်းမြန်မာ့ဟန်တွေ ရှိပါတယ်။

"ထကြွနိုးကြား၊ သနားသည်းခံ၊

ဝေဖန်ထောက်ရှု၊ ဤခြောက်ခု ကြီးသူ့နာယကဂုဏ်များတည်း။"

မြန်မာ့ရိုးရာအစဉ်အလာအရ အားလုံးသိရှိထားကြတဲ့ နာယကဂုဏ်ခြောက်ပါးဆိုတာ အတော်တိကျပြည့်စုံပြီး ကောင်းမွန်နိုင်လုံတဲ့ အချက်များပါပဲ။ ဒီနာယကဂုဏ်ခြောက်ပါးရဲ့ ဝိသေသတွေဟာ မောင်တို့ မယ်တို့အနေနဲ့ ပြုကျင့်ရမယ့်စိတ်ထား၊ လိုက်နာရမယ့် ကျင့်ဝတ်တွေပါပဲ။

၁။ ထကြွ။ ။ လှုံ့လဝီရိယရှိရမယ်။ မပျင်းရိရ။

၂။ နိုးကြား။ ။ ထက်သန်မှုနဲ့ သတိရှိနေရမယ်။ မပေါ့ဆ၊ မငိုင်ငေးရ။

၃။ သနား။ ။ ကြင်နာတတ်ရမယ်။ ခက်ထန်မောက်မာမှု မပြုရ။

၄။ သည်းခံ။ ။ မေတ္တာထားတတ်ရမယ်။ သည်းခံခွင့်လွှတ်နိုင်ရမယ်။ အမျက်ဒေါသမများရ။

၅။ ဝေဖန်။ ။ ခွဲခြားသုံးသပ်နိုင်ရမယ်။ မရောထွေးရ။

၆။ ထောက်ရှု။ ။ ထောက်ပံ့ပေးကမ်း၊ ချီးမြှင့်မြှောက်စားရမယ်။ သက်သာချောင်ချိအောင် ပြုစုပေးရမယ်။ အလိုမလိုက်ရ။

ဒီအချက်တွေကို လိုက်နာကျင့်ဆောင်နိုင်မယ်ဆိုရင် စိတ်ကို ထိန်းကျောင်းရာရောက်ပြီး စိတ်စွမ်းအားကို ထိန်းချုပ်လာနိုင်မှာ ဖြစ်တယ်။ စိတ်ကိုနိုင်လာရင် စွမ်းဆောင်ရည်က အလိုလိုမြင့်လာမှာလည်း ဖြစ်တယ်။

လိုက်နာရမယ့်အချက်တွေအပြင် ရှောင်ကြဉ်ရမယ့်အချက်တွေလည်း ရှိသေးတယ်ကွယ့်။

"ကဏန်း ပုတ်သင်၊ ကိုင်းပင် နွားသိုး

လိပ်မျိုး ခွေးအ၊ မပြုကြနှင့်။"

ဒါဟာလည်း မောင်တို့ မယ်တို့အနေနဲ့ မှတ်သားလိုက်နာစရာ မြန်မာ့နည်းမြန်မာ့ဟန်၊ မြန်မာဆုံးမစကားပါပဲ။ လူ့ဘဝတစ်လျှောက်လုံး မှတ်သားလိုက်နာကျင့်ဆောင်ကြရမယ့် အချက်တွေပေါ့ကွယ်။

၁။ ကဏန်း။ ။ ကဏန်းဆိုတဲ့သတ္တဝါကောင်လို ဘေးတိုက်ကပ်ဖဲ့ မသွားနဲ့။

၂။ ပုတ်သင်။ ။ ပုတ်သင်ဆိုတဲ့သတ္တဝါလို အလွယ်တကူ အရောင်ပြောင်းတတ်တဲ့အကျင့်၊ ခေါင်းငြိမ့်တတ်တဲ့ အကျင့်မျိုးမလုပ်နဲ့။

၃။ ကိုင်းပင်။ ။ ကိုင်းပင်လိုပဲ လေတိုက်ရာတိမ်း၊ လေယူရာ ယိမ်းတတ်သလိုမျိုး မဖြစ်စေနဲ့။

၄။ နွားသိုး။ ။ နွားသိုးဆိုတဲ့သတ္တဝါလို ကမူးရှူးထိုးနဲ့ ဇွတ်သလို ဆင်ခြင်မဲ့စွာ မလုပ်နဲ့။

၅။ လိပ်။ ။ လိပ်ဆိုတဲ့သတ္တဝါလိုပဲ ကိုယ့်ဘက်ကိုယ်ယက်တဲ့ အကျင့်၊ ဘိုက်တစ်ခုပဲဆိုတဲ့ ကိုယ့်အတ္တကိုသာ မကြည့်နဲ့။

၆။ ခွေးအ။ ။ ခွေးအဆိုတဲ့ သတ္တဝါလို မဟိုက်မဲ့နဲ့ အချိန်အခါ မဟုတ်ဘဲ မအူနဲ့။

အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုတာတွေကတော့ အမျိုးမျိုးရှိနေနိုင်တဲ့ အတွက် ကွဲလွဲမှုလည်းရှိနေနိုင်တယ်လေ။ ဒါပေမဲ့ အခြေခံသဘောတရားကတော့ တူနေမှာပါပဲ။

မောင်တို့ မယ်တို့အနေနဲ့ ရှောင်ကြဉ်ရမယ့်အချက်တွေပေါ့ကွယ်။ စွမ်းအားကြီးသူတစ်ယောက်ဖြစ်ဖို့ရာ လိုက်နာရမယ့်နည်းနာ၊ ရှောင်ကြဉ်ရမယ့်နည်းနာတွေကို လိုက်နာ၊ ရှောင်ကြဉ်ရမယ့်အပြင် စည်းရုံးရေးစွမ်းရည်လည်း ရှိဖို့လိုပါသေးတယ်။ လူအများစုရဲ့ ယုံကြည်မှုမြင့်တက်လာအောင် လှုံ့ဆော်၊ စည်းရုံးနိုင်ရမှာလည်း ဖြစ်တယ်။

လူတိုင်းလူတိုင်းကို ရွှေ ငွေ ဥစ္စာပစ္စည်းပေးရုံနဲ့ မလုံလောက်ပါဘူး။ လစာရိက္ခာပေးနေရုံနဲ့စစ်မှန်တဲ့စွမ်းအား၊ သစ္စာစောင့်သိမှု ရှိသေလေးစားမှုတွေကို ရရှိနိုင်မှာမဟုတ်ပါဘူး။ ပြောဆိုသမျှနဲ့ စိတ်ရင်းစေတနာကို သဘောပေါက်နားလည်မှုရှိပြီး ယုံကြည်ကိုးစားမှုနဲ့ ကြည်ကြည်ဖြူဖြူ ရှိလာအောင် နားသွင်းစည်းရုံးနိုင်ဖို့ အတွက် စည်းရုံးလှုံ့ဆော်သူဟာ ကိုယ်ရေးကိုယ်တာအကျိုးစီးပွားတွေကို စွန့်လွှတ်ပြီး အနစ်နာခံသင့်ရင် အနစ်နာခံကာ စံနမူနာပြ လုပ်ဆောင်တတ်ဖို့လိုပါတယ်။

မောင်တို့ မယ်တို့အနေနဲ့ မိမိကျင်လည်ရတဲ့ဝန်းကျင်မှာ ဖြူစင်ရိုးသားမှုနဲ့ စေတနာကိုအရင်းခံပြီး အတ္တ ဗဟုသုတအောင် ကျင့်ကြံလုပ်ဆောင်နိုင်ခြင်းအားဖြင့် လူအများရဲ့ယုံကြည်ကိုးစားမှုနဲ့ နာမည်ကောင်းကို ရရှိတည်ဆောက်လာနိုင်မှာဖြစ်ပေတယ်။

ဒါတင်မကသေးဘဲ မေတ္တာကြီးမားသူ၊ စိတ်မနောဖြူစင်သူ၊ အတွေ့နည်းပါးသူ၊ နာယကဂုဏ်ခြောက်ပါးနဲ့ ပြည့်စုံသူအဖြစ် လူအများက အမည်ပေးကင်ပွန်းတပ်ခံရတဲ့အထိ လူရာဝင်သူဖြစ်လာပြီး "စွမ်းအားကြီးမားသူ" ဖြစ်လာတော့မှာပေါ့ကွယ်။ ။

# သင့်ပြဿနာအားလုံးကို ပျော်ရွှင်စွာခံစားပါ

အောင်မြတ်စည်သူ

ပြဿနာတိုင်းတွင် ဖြေရှင်းနည်းရှိသည်။

တစ်ခုရှိပြီး တစ်ခုကင်းမဲ့နေ၍ မရချေ။ ထို့ကြောင့် ပြဿနာများကိုမုန်းသည်ဟု ကျွန်တော်တို့ ဘာကြောင့်ပြောသနည်း။ ဝရုန်းသုန်းကားရပ်တည်နေရသောဘဝမှ ကင်းမဲ့လိုပါသည်ဟု မည်သည့်အတွက် ကျွန်တော်တို့ ဆိုပါသနည်း။ တစ်စုံတစ်ယောက် စိတ်ပိုင်းဆိုင်ရာဖျားနေပါလျှင် "သူ့မှာ ပြဿနာရှိသလား" ဟု ကျွန်တော်တို့ ဘာကြောင့် ပြောသနည်း။

ရင်တွင်းနက်နက် ကျွန်တော်တို့ ပညာများ ရှင်သန်နေထိုင်ရာတွင်မှ ကျွန်တော်တို့အတွက် ပြဿနာများကောင်းသည်ဟု ကျွန်တော်တို့ သိသည်။ ကျွန်တော့်သမီး၏ ဆရာမက ဆရာမိဘတွေ့ဆုံပွဲတွင် ကျွန်တော့်သမီးသည် သင်္ချာဘာသာရပ်တွင် လွန်ခဲ့သောနှစ်ထက် ပိုများစွာသော ပြဿနာများကို တွက်ချက်ရမည်ဟု ဆိုခဲ့သောအခါ အင်း.... ကောင်းပေ့ဟု ကျွန်တော်ထင်ခဲ့သည်။ ပြဿနာများကို၊ ပြဿနာများ ပိုလာသည်ဟု သိရသောအခါ ကောင်းသည်ဟု မည်သည့်အတွက်ကြောင့် ထင်သနည်း။

ကျွန်တော်တို့ ကလေးများအတွက် ပြဿနာများက ကောင်းသည်ဟုထင်၍ဖြစ်သည်။ ပြဿနာများကို ဖြေရှင်းခြင်းဖြင့် ကျွန်တော်တို့ကလေးများ ပို၍ပြည့်ဝမှု ရှိမည်။ သူတို့စိတ်ကိုသူတို့ ပို၍ယုံကြည်မှု ရှိမည်။ သူတို့ကိုယ်သူတို့ ပြဿနာဖြေရှင်းသူများ အဖြစ် မြင်ကြသည်။

ကျွန်တော်တို့ ပြဿနာများနှင့်ပတ်သက်၍ ကျွန်တော်တို့ကိုယ်တိုင် အယူသီးလှပါသောကြောင့် ကျွန်တော်တို့သည် ပြဿနာကိုဖြေရှင်းရန် ဝါယမ ပြည့်ထက်ပြဿနာမပြေးထွက်ရန် ကြိုးစားသည်။

လူထုက သူတို့ပြဿနာများကို အာမခံလုပ်ငန်း မဟာပုဂ္ဂိုလ်ကြီးထံသို့ ဆောင်ယူသွားကြသောအခါ သူက "ခင်ဗျားမှာ ပြဿနာရှိလား၊ သိပ်ကောင်း" ဟု အပ်လေ့ရှိခဲ့သည်။

သို့သော် ပြဿနာများကို ကြောက်လန့်စရာ မဟုတ်ချေ။ ပြဿနာများသည် ကျိန်စာများမဟုတ်ချေ။ ပြဿနာများသည် ဉာဏ်ရည်အားကစားသမားများအတွက် ပွဲကြမ်းများ သက်သက်သာဖြစ်ပြီး စစ်မှန်သော ကစားသမားသည် ပွဲစရန် စိတ်စောတတ်သည်။

The Road Less Traveled တွင်အမ်စကော့ပက်၏ အဓိကရည်ညွှန်းမှုတစ်ရပ်ကား "ပြဿနာသည် ကျွန်တော်တို့ အသိပညာနှင့် ကျွန်တော်တို့ သတ္တိကို ဖော်ထုတ်ပေးသည်"ဟုပင် ဖြစ်သည်။

ပြဿနာတစ်ရပ်ကိုချဉ်းကပ်ရန် အကောင်းဆုံး နည်းလမ်းတစ်ရပ်မှာ ကစားပွဲစိတ်ဓာတ်ဖြင့်ဖြစ်သည်။ စိတ်တူရင်ကစားပွဲတစ်ခုကို သင်ချဉ်းကပ်နည်းမျိုး (သို့မဟုတ်) ကစားကွင်း ဘတ်စကက်ဘောလုံးဝိုင်းတွင် တစ်ယောက်ချင်း စိန်ခေါ်ကစားမှုပြုသည်မျိုး ဖြစ်သည်။

ပြဿနာနှင့် ကစားရာတွင် ကျွန်တော် အနှစ်သက်ဆုံး နည်းလမ်းတစ်ရပ်၊ "အထူးသဖြင့် မျှော်လင့်ချက်ကင်းပုံရသော ပြဿနာနှင့်ပတ်သက်လျှင်ကား" ဒီပြဿနာကို ပျော်စရာအကောင်းဆုံး ဖြေရှင်းနည်းက ဘာလဲ" ဟု ကိုယ့်ကိုယ်ကိုယ် မေးမြန်းခြင်းပင် ဖြစ်သည်။ ထိုမေးခွန်းသည်အတွေးအမြင် လမ်းသစ်များ မပြတ်မလပ် ဖွင့်ပေးတတ်စမြဲပင် ဖြစ်သည်။

"ခင်ဗျားဘဝရဲ့ ပြဿနာတိုင်းမှာ ဓာတ်ခံလက်ဆောင်တစ်ခုပါစမြဲပဲ"ဟု Illusions စာအုပ် စာရေးဆရာ ရစ်ချတ်ဘတ်က ဆိုခဲ့သည်။ သူမှန်ကန်သည်။

သို့သော် ကျွန်တော်တို့ ထိုသို့ ကနဦးထင်ခါမှ ဖြစ်သည်။ သို့မဟုတ် ဓာတ်ခံလက်ဆောင်မွန်က ပေါ်ထွက်လာမည် မဟုတ်ချေ။

ဒေါက်တာ အင်ဒရူးဝေးလ်သည် သူ၏ သဘာဝကုသနည်းပညာ လေ့လာမှုအကြောင်း ဆိုညွှန်းရာတွင် ဖျားနာမှုကိုပင် လက်ဆောင်မွန်အဖြစ် သတ်မှတ်ရန် အကြံပြုပါသည်။

"ဖျားနာမှုသည် အလွန်ပင်အင်အားကြီးမားသောပြောင်းလဲမှု စေ့ဆော်အားဖြစ်နိုင်သောကြောင့် ယင်းသည် တချို့လူများအား ယင်းတို့၏ အနက်ရှိုင်းဆုံး ပဋိပက္ခများကို ဖြေရှင်းရန်အတွက် တစ်ခုတည်းသောအရာဖြစ်နိုင်သည်"ဟု Spontaneous Healing စာအုပ်တွင် သူ ရေးသားခဲ့သည်။

"အောင်မြင်သော လူနာများသည် သူတို့ကိုယ်သူတို့ ကိုယ်ရေးကြီးပြင်းမှုနှင့် ဖွံ့ဖြိုးမှုအတွက် အကောင်းဆုံးအခွင့်အရေးအဖြစ် သတ်မှတ်လေ့ရှိကြသည်။

အမှန်အကန် လက်ဆောင်မွန်အဖြစ် ယူဆသည်။ ဖျားနာမှုကို ကုသိုလ်ကံဆိုးမှု၊ အထူးသဖြင့် မထိုက်လျှောက်စွာ ခံစားရမှုမြင်ခြင်းသည် ကုသမှုစနစ်ကို အနှောင့်အယှက်ပြုနိုင်သည်။ ဖျားနာမှုကို လက်ဆောင်မွန်အဖြစ် မြင်စိတ်ရှိလာခြင်းသည် ယင်းသော့ကို ဖွင့်လှစ်ပေးနိုင်ကောင်းသည်"

သင့်ပြဿနာများကို ကျိန်စာများအဖြစ်မြင်ခြင်းသည် ဘဝအတွက် သင်ရှာဖွေနေသော စေ့ဆော်အားကို တွေ့ရခက်စေမည်။

သင့်ပြဿနာများက တင်ဆက်လာသည့် အခွင့်အလမ်းများကို သင်ချစ်တတ်လာပါလျှင် သင့်ဘဝတိုးတက်ရေး စွမ်းအားများ နိုးကြားတက်ကြွလာစေမည်။

Ref : Enjoy for your problems by Steve Chandler

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဉက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၀ ဆူ | ၃၉၀ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၈ တိုင် | ၆၂ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၇ ကျင်း | ၂၀၁. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၁ ကျင်း | ၁၆၁၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်မြင့်**
**ညွှန်ကြားရေးမှူး(ကမ်းလွန်)(ငြိမ်း)**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဦးသျှောင်နာယက**
**မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ် (ဌာနချုပ်)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၈-မိုင်၊ မောရဝတီလမ်း၊ အမှတ်(၁၃၅-F)နေ (အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်-ဒေါ်ခင်ခင်)တို့၏ သားကြီး၊ ဒေါ်ရှယ်လီ(ခ) ဒေါ်ဝေမာ၏ ခင်ပွန်း၊ မ.အ.ဖ ဌာနချုပ် ဦးသျှောင်နာယက ဦးတင်မြင့်သည် ၂၁-၇-၂၀၂၂ ရက်တွင် အလ္လာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်**
**(မ.အ.ဖ)ဌာနချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြင့်မြင့်နိုင်**
**အသက်(၈၆)နှစ်**

ဗိုလ်ကြီးမျိုးမြင့်နိုင်(ငြိမ်း)-ဒေါ်နှင်းနှင်းဥ တို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်မြင့်မြင့်နိုင်သည် ၂၃-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)**
**အရာရှိများနှင့် မိသားစုများ**

**ယောနယ်အသင်း(ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သီရိတင့်**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေနှင်းဆီ(၂)လမ်း၊ အမှတ်- J-63၊ FMI City နေ(ဦးဘဥာဏ်)၏ဇနီး၊ ယောနယ်အသင်းအမှုဆောင် ဦးသက်လင်းဦး-ဒေါ်နီလာမြင့်၊ ဦးနေလင်းဦး-ဒေါ်အဥ္စလီမိုးတို့၏ ကျေးဇူးရှင်မိခင်ကြီးသည် ၂၅-၇-၂၀၂၂ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် GRAND HANTHA HOSPITAL ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတိတိတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအားအကြောင်းကြားအပ်ပါသည်။

**ယောနယ်အသင်းအမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်(အရှေ့)ရပ်ကွက်၊ ရွှေလှိုင်လမ်း၊ အမှတ်-၆၄ (ဒုတိယထပ်) ဟုခေါ်တွင်သည့်အကျယ်အဝန်း (အနံ ၁၈ ပေ x အလျား ၂၉ ½ ပေ) ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်မြင့်နိုင်[၁၂/ကမတ(နိုင်)၀၃၀၅၃၄]က မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမိုးကျော်၊ဒေါ်နွယ်နီဝင်း တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိရွှေစင်ကိုကို (စဉ်-၄၉၈၄၇)**
**အထက်တန်းရှေ့နေ**
**အမှတ် (၆)၊ ရောဝဏ်လမ်း၊ (၇)အနောက်မြခွာညိုအိမ်ရာ၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၆၄၃၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ အမှတ်(၆၀)၊ နှစ်ခန်းတွဲ (၆)ထပ်တိုက်မှ ဒုတိယထပ် (၃-လွှာ) (ခြေရင်းခန်း) (အလျား ၁၂ ½ ပေ x အနံ ၅၀ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ရေမီတာ၊ မီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်စိုး [၁၁/မတန(နိုင်)၀၁၄၁၁၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိမ့်ရီရီတင် [၁၂/စခန(နိုင်)၀၀၁၁၇၂]က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဆီ(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၄၁)**
**အမှတ် (၁၈၆)၊ ဗဟိုလမ်း၊ ကျွန်း/လယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။**
**ဖုန်း-၀၉-၇၉၄၄၆၇၁၆၅**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ်(၁၇၇)၊ အိမ်နံပါတ်(၁၀)၊ ဘုရင့်နောင်(၁၆)လမ်းဟုခေါ်တွင်သည့် ဧရိယာ (အလျား၄၀x အနံ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက် ဒေါ်သန်းသန်းမြင့် [၁၂/သဃက(နိုင်)၁၃၄၄၃၃] ထံမှ ဦးလှအေး [၁၂/သဃက(နိုင်)၁၄၀၆၆၀]မှ ဝယ်ယူလက်ဝယ်ပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအားအပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများထဲမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် လာရောက်ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေနှင့်ရောင်းသူတို့သည် အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဆက်လက်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်မြတ်ခိုင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၉၁)**
**အမှတ်(၄)၊ အောင်ဇေယျ(၇)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၅၇၃၀၉၀၂၊ ၀၉-၂၅၈၉၈၇၇၅၆**

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**ဒေါ်ဂဲတြူးပေါလ်**
**အထက်တန်းပြ(ငြိမ်း)**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အမှတ်-၄၀(၂ခ)၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်နေ (ဦးပေါလ်-ဒေါ်မယ်စိန်)တို့၏သမီး၊ (ဦးဘရှင်)၏ဇနီး၊ ဒေါ်ခင်စောမူ၊ ဒေါ်ခင်စန်းကြွယ်၊ (ဒေါ်ခင်လေးရှင်)၊ ဦးအောင်ထွန်း-ဒေါ်မိုးမိုးခိုင်တို့၏မိခင် ၊ နေသန်ပေါလ်၊ နာပေါလ်တို့၏အဘွားသည် ၂၃-၇-၂၀၂၂(စနေနေ့) နံနက် ၂:၃၂ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့ ညနေ ၃ နာရီတွင် မှော်ဘီမြို့၊ ရွှေနှလုံးတော် ဘုရားကျောင်းသုသာန်၌ ဝတ်ပြုကိုးကွယ်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေအားလုံးအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကိုဇာနည်မင်းလွင်

**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၄၇)၊ ဗဟိုလမ်း၊ မနော်ဟရီရိပ်သာနေ ဦးမင်းလွင်-(ဒေါ်စန်းစန်းရီ)တို့၏ သားလတ်၊ ဒေါက်တာပြည်စိုးကိုကို-မယမင်းလွင်၏ မောင်၊ မကေခိုင်လွင်၏ အစ်ကို ကိုဇာနည်မင်းလွင်သည် ၂၄-၇-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ၉၆ ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီ ဖြစ်ပါကြောင်း ဆွေမျိုးအပေါင်းအသင်း မိတ်ဆွေအားလုံးကို အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊**
**လူနေရပ်ကွက်အမှတ်(ပုသိမ်မြေ)၊ မြေကွက်အမှတ်(၂၀၁)၊**
**ဧရိယာ (၂၅x၅၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့်**
**ယင်းမြေကွက်ပေါ်ရှိ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊**
**ဆိပ်ကမ်းသာလမ်း၊ အမှတ်(၂၀၁) ဟုခေါ်တွင်သည့်**
**မြေကွက်အဆောက်အအုံ အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး**
**ကန့်ကွက်နိုင်ပါသည်**

အဆိုပါမြေကွက်နှင့် အဆောက်အအုံ၏ တရားဝင်အမည်ပေါက်ပိုင်ရှင် **ဒေါ်ခင်လှဝင်း [၁၂/ဒပန(နိုင်)၀၁၁၀၃၆]ထံမှ** ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇)B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766, HP: 09-5017044**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၇)လမ်း၊ မြေကွက်အမှတ်(၂၃၆၅) မြေဧရိယာ (၄၀ x ၆၀)ပေရှိ မြေကွက်နှင့်တစ်ထပ်တိုက်နေအိမ်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဖြေးဖြေးလွင်[၁၀/မလမ(နိုင်)၂၂၇၂၅၀] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်မဒေါ်ဇာခြည်လင်း[၁၂/ဥကတ(နိုင်)၁၅၄၂၇၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေကျပ် တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅) ရက်အတွင်း ကျွန်မထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာခြည်လင်း**
**ဖုန်း - ၀၉၄၂၁၄၁၃၂၀/၀၉၉၄၂၄၈၄၃၈၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၃၊မြေကွက်အမှတ်-၁၀၀၂/က၊ မြေကွက်တည်နေရာအမှတ်-၁၀၀၂၊ယသသဝတီ(၁၄)လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဒေါ်မာသွင်(၁၂/ဥကတ(နိုင်)၀၆၁၆၉၁)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဒေါ်မာသွင်(မိခင်/ယောက္ခမ)(၁၄-၂-၂၀၁၆)ရက်နေ့တွင်လည်းကောင်း၊ဦးတွန်ခွေး(ဖခင်/ယောက္ခထီး)(၂-၈-၂၀၀၄)ရက်နေ့တွင်လည်းကောင်း၊ဦးမျိုးဝင်း(သား)(၂၄-၇-၂၀၂၀)ရက်နေ့တွင်လည်းကောင်းကွယ်လွန်သဖြင့်ဦးမျိုးဝင်း၏အစုအတွက်၎င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူဒေါ်အေးအေးခိုင်(၁၂/သဃက(နိုင်)၁၃၃၃၆၁)နှင့်ပူးတွဲလျက်အမည်ပေါက်၏ကျန်သမီးများဖြစ်ကြသည့်ဒေါ်ခင်ထားရီ(၁၂/ဥကတ(နိုင်)၀၆၅၂၆၅)၊ဒေါ်ခင်ထားကြည်(၁၂/ဗဟန(နိုင်)၀၀၉၃၅၅)၊ဒေါ်မြင့်မြင့်သန်း(၁၂/ဥကတ(နိုင်)၀၆၅၂၆၉)၊ဒေါ်မော်နီထွေး(၁၂/ဥကတ(နိုင်)၀၆၅၂၆၇)တို့မှ မိခင်/ယောက္ခမတော်စပ်ကြောင်းကျမ်းကျိန်လွှာ-၆/၄၆/၂၀၂၂(၁-၆-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်မူရင်းတင်ပြ၍ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း(MASK) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



**ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး**
**ဒေါ်တင်တင်(ခ) ကျန်းလင်လင်**
**'တက်သစ်စမူကြို' ကျောင်းအုပ်**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်-၅၇၄ နေ (ဦးချစ်တင်- ဒေါ်ရင်)တို့၏သမီးကြီး၊ ဦးလှဝင်းအောင်(ညွှန်ကြားရေးမှူး၊ စီးပွား/ကူးသန်း-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ဒေါ်ညွှန့်ညွှန့်၊ ဦးစိုးကြည်-ဒေါ်ဟွာ၊ ဦးစိုးရှင်-ဒေါ်မြမြအေး၊ ဒေါ်ခင်စန်းရီ၊ ဦးကျော်ဝင်း-ဒေါ်သန်းသန်းဌေး၊ ဦးညွန့်ဝေ-ဒေါ်ခရစ္စတင်းချစ်၊ ဦးစိုးအောင်- ဒေါ်ခင်မိုးနွယ်တို့၏ အစ်မကြီး၊ ဦးခင်မောင်လတ် -ဒေါ်သီတာအောင်၊ ဦးမျိုးဇော်အောင်-ဒေါ်ခင်မူ၊ ဦးသန်းထိုက်-ဒေါ်စန္ဒာအောင်တို့၏ချစ်လှစွာသော မိခင်ကြီး၊ မြေး လေးယောက်တို့၏အဘွား ဒေါ်တင်တင်သည် ၂၄-၇-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဝင်း

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီ(၂)လမ်း၊ အမှတ်(၄၁)နေ (ဦးသိန်းအောင် -ဒေါ်သန်း)တို့၏ သား၊ (ဦးပွေး - ဒေါ်ဝင်း)တို့၏ သားသမက်၊ ဒေါ်ခင်ခင်ကြီး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဇေယျာဝင်း၊ ဒေါက်တာမီမီကျော်တို့၏ ကျေးဇူးရှင်ဖခင်သည် ၂၄-၇-၂၀၂၂ (တနင်္ဂနွေနေ့) ည ၁၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၂ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၂၂(စနေနေ့) နံနက် ၇:၃၀ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဒ္ဓသန(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၆/၂)၊ မြေကွက်အမှတ်(၃၈/ခ)၊ အကျယ်အဝန်း (၆၀x၂၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်ပြီးလက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်အုန်း[၁၂/သဃက(နိုင်)၀၂၂၁၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ငြိမ်းဆွေ(LL.B) (စဉ်-၁၁၄၄၅/၂၀၁၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၄၀၅၊ (၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၈၈၂၂၂၂၀၈၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ကောလိယလမ်း၊ မြေကွက်အမှတ်(၂၀၈)၊ မြေအကျယ်အဝန်း ပေ(၅၀ x ၆၀) အနက်မှ ကောလိယလမ်းနှင့် မီးတားလမ်းတို့နှင့် ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း ပေ(၁၉x၅၀)ရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်နုနုအေး [၁၂/ဥကတ(နိုင်)၁၃၀၉၄၃] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေများထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည် (LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၄၃၁၁၄၆၅၄၊ ၀၉- ၇၉၅၆၀၁၈၆၃၊ ၀၉- ၇၉၆၃၀၈၀၁၂**

**သွေးသည်**
**အသက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၉ A၊မြေကွက်အမှတ်၂၆၁၊မြေကွက်တည်နေရာအမှတ်(၂၆၁)၊သစ္စာ(၇)လမ်း၊(၃၉/A)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးမောင်မောင်(AE-253368)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက်(ခင်ပွန်း)ဦးမောင်မောင်သည်(၂၂-၇-၂၀၂၁) ရက်နေ့တွင်ကွယ်လွန်သဖြင့်(ဇနီး)ဖြစ်သူဒေါ်လှတင်(၁၂/မဂဒ(နိုင်)၀၅၂၁၂၉)မှတစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်းနှင့်အခြားသောဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊၎င်းသာလျှင်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့်၎င်းမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊(ခင်ပွန်း)ဦးမောင်မောင်၏သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်းနှင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တို့တပ်မတော်ဟာ အတိတ်ကာလက နိုင်ငံနဲ့လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးတွေကို ကြိုးစားလုပ်ဆောင်ခဲ့ပြီးဖြစ်သလို ယခုပစ္စုပ္ပန်ကာလမှာလည်း နိုင်ငံနဲ့လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိတယ်။ တပ်မတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှဟာ အမိနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထု ကောင်းကျိုးဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်မှာ ဆက်လက်ရပ်တည်သွားနိုင်ဖို့ ကိုယ်ကျိုးမငဲ့ မွန်မြတ်တဲ့စိတ်ရင်းစေတနာနဲ့ လုပ်ဆောင်နေတာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

## ပြည်ကြီးတံခွန်မြို့နယ်ရှိ "မောသစ်"ရွှေဆိုင်အား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများနှင့် ငွေများ လုယက်ယူဆောင်

နေပြည်တော် ဇူလိုင် ၂၅

မန္တလေး တိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ "မောသစ်" ရွှေဆိုင်အား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများနှင့် ငွေများ လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။

**လုယက်ယူဆောင်**

ဖြစ်စဉ်မှာ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မန္တလေး တိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက်နေ ဦးစိုင်းဆေပန်ခ(၃၈)နှစ် (ဘ)ဦးစိုင်းမြင့်ဖေ ပိုင်ဆိုင်သည့် (၁၂၅)လမ်း၊ (၅၈)လမ်းနှင့် (၅၉)လမ်းကြား (စ)ရပ်ကွက်ရှိ "မောသစ်ရွှေဆိုင်"သို့ အကြမ်းဖက်သူအမျိုးသားနှစ်ဦးကဆိုင်ကယ်ဖြင့်

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■







ဦးဖြိုးမင်းစိုး(ဒဏ်ရာရ)



**ယနေ့ ဖတ်စရာ**

**ဓာတ်ခွဲနမူနာစုစုပေါင်း ၆၃၃၆ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ**

စာမျက်နှာ » ၁၂

**ဓာတ်ငွေ့ပိုက်လိုင်းပျက်စီးမှုကြောင့် အယ်လ်ဂျီးရီးယားနိုင်ငံက စပိန်နိုင်ငံသို့ ဓာတ်ငွေ့ထောက်ပံ့မှု ယာယီရပ်ဆိုင်း**

စာမျက်နှာ » ၁၃

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်**

စာမျက်နှာ » ၁၅

## အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ပွဲဦးထွက် အနိုင်ရ

ရန်ကုန် ဇူလိုင် ၂၅

၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ခ) ပထမနေ့ကို ဇူလိုင် ၂၅ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပရာ မြန်မာအသင်းက မလေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ○



မြန်မာ ယူ-၁၈ အမျိုးသမီးအသင်း အားကစားသမားများကို တွေ့ရစဉ်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင် အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဇူလိုင် ၂၅

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳